ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့၊ (20-10-2011) (ဖြ၁၈)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

- ☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

## အယူအဆဟောင်းဖြစ်သော အပျော်တမ်းအားကစားပုံစံနှင့် ဆက်သွားလျှင် ကမ္ဘာ့ဘောလုံးလောကနောက်တွင် ကျန်ခဲ့မည်

# ဘောလုံးအားကစားကို အသက်မွေးဝမ်းကျောင်းအဖြစ် သတ်မှတ်ပြီး အကောင်အထည်ဖော်ရန် အရေးကြီးလာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အင်တိုက်အားတိုက်ကူးပြောင်းဆောင်ရွက်နိုင်မှ ကမ္ဘာ့အဆင့်သို့ တက်လှမ်းနိုင်မည်

နေပြည်တော်　　　　အောက်တိုဘာ　　　　၁၉

**မြန်မာ့ဘောလုံးအားကစားစွမ်းရည် တိုးတက်မြင့်မားလာစေရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ အစီအစဉ်များကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသားအားကစား ကော်မတီအတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အစီအစဉ်အရ ဒေါက်တာမြလေးစိန် (လက်ထောက်ညွှန်ကြားရေးမှူး)က "ဘောလုံးအားကစားနှင့် ဆေးပညာ" စာတမ်း၊ ရဲမှူးကြီးဌေးအောင်က "ဘောလုံးပြိုင်ပွဲပရိသတ်နှင့် လုံခြုံရေးကဏ္ဍ" စာတမ်း၊ ဦးဝင်းသူမိုး လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)က "လူရွေးချယ်မှုမှန်ကန်ရေးနှင့် နည်းပြကဏ္ဍ" စာတမ်းနှင့် ဦးထွန်းလှအောင် (ဒါရိုက်တာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒိုင်ကော်မတီ)က "ဘောလုံးဥပဒေများ ပိုမိုသိရှိလိုက်နာရေး" စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာ့ဘောလုံးအားကစားစွမ်းရည် တိုးတက်မြင့်မားလာစေရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် နိဂုံးချုပ်အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ထို့နောက် စာတမ်းရှင်များနှင့် စာတမ်းဖတ်ပွဲတက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ သဘာပတိက ဖတ်ကြားသွားသည့် စာတမ်းများ၏ ကောက်နုတ်ချက်များကို ဖတ်ကြားတင်ပြပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌက အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသည့် အချက်အလက်များအပေါ် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်သွားရမည့် အချက်အလက်များကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

### ထင်ထင်ရှားရှားတွေ့နိုင်

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် မြန်မာ့ဘောလုံးအားကစားစွမ်းရည် အဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ နှစ်ရက်တာ ကျင်းပသည့်ကာလတွင် ဆွေးနွေးတင်ပြသည့် စာတမ်းပေါင်း ၁၆ စောင် ဖတ်ကြားဆွေးနွေးသွားသည်ကို တွေ့ရှိရပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးဝေဖန်တင်ပြမေးမြန်းဖြေရှင်းပြီးသည့်နောက် တင်ပြဆွေးနွေးချက်များအပေါ် မြန်မာ့ဘောလုံးအားကစားစွမ်းရည် အဆင့်နိမ့်ကျလာရခြင်း၏ အကြောင်းရင်းပြဿနာများကို ထင်ထင်ရှားရှားတွေ့နိုင်ပြီဟု ယူဆရပါကြောင်း၊ တွေ့မြင်လာရသည့် ပြဿနာကြီးငယ်များအတွက် စုပေါင်းရှာဖွေသောအဖြေများနှင့် ရှေ့ဆက်ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များ ရရှိလာမည်ဖြစ်ပါကြောင်း။

ဘောလုံးအားကစား၏ အတွေးအခေါ်အယူအဆများ ပြောင်းလဲလာသည်နှင့်အမျှ အပျော်တမ်းနှင့် အသက်မွေးဝမ်းကျောင်းဘောလုံးအားကစားအဖြစ် ကွဲကွဲပြားပြားအကောင်အထည်ဖော်ဆောင်သွားရန် လိုအပ်လာပြီဖြစ်ပါကြောင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့**



၂၀-၁၀-၂၀၁၁
(ကြာသပတေးနေ့)

# ကျေးလက်ဒေသဖွံ့ဖြိုးရေး အရှိန်အဟုန်မြှင့်

နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်သည်။ တိုင်းပြည်လူဦးရေအများစု၏ ရေရှည်အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ရေးသည် ပဓာနကျကျ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် ဖြစ်နေပေပြီ။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ပူးပေါင်းကောက်ယူခဲ့သည့် အိမ်ထောင်စုစားဝတ်နေရေး ဘက်စုံလေ့လာမှု စစ်တမ်းအရ တစ်နိုင်ငံလုံးတွင် ဆင်းရဲမှု ၃၂ ရာခိုင်နှုန်းမှ ၂၆ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်ကို တွေ့ရသည်။ သို့ရာတွင် မြို့ပြနှင့် ကျေးလက်များအကြား ကွာဟမှုမှာ များပြားနေဆဲဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ အပ ကျန်သည့်တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ကျေးလက်ဒေသသည် ဆင်းရဲမှုမြင့်မားနေကြောင်း သိရသည်။

ထို့ကြောင့် နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်သည်။ အဆိုပါလုပ်ငန်းများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်နှင့်အညီ ၂၀၁၅ ခုနှစ်တွင် ဆင်းရဲမှုနှုန်း ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေး ရည်မှန်းချက်ထား၍ အရှိန်အဟုန်မြှင့် ကြိုးပမ်းလျက်ရှိသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ဗဟိုကော်မတီက ချမှတ်ထားသည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လုပ်ငန်းကော်မတီများက အကောင်အထည်ဖော်နေကြပြီ။ လယ်ယာစိုက်ပျိုးရေး၊ ကျေးလက်အခြေခံစက်မှုလုပ်ငန်းများ၊ သမဝါယမလုပ်ငန်းများ၊ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည် စသည် အကြောင်းအရာစုံ၊ ကဏ္ဍစုံ ကျယ်ပြန့်လှသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး တစ်ခုတည်းတွင်ပင် စပါး၊ ပဲနှင့် အဓိကသီးနှံများ အထွက်တိုးရေးအတွက် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး၊ ပြည်ပနိုင်ငံများမှ အထွက်တိုးစပါးမျိုးများ ရရှိရေး၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များ လေ့ကျင့်ပညာပေးရေး၊ တောင်သူအချင်းချင်း အသိပညာဖြန့်ဖြူးရေး၊ ထွန်ယက်ချိန်မှ စိုက်ပျိုးရိတ်သိမ်းခြွေလှေ့ချိန်အထိ အလေအလွင့်နည်းပြီး စပါးအရည်အသွေး ကောင်းမွန်ရေးအတွက် စက်ကိရိယာများသုံးစွဲ၍ စက်မှုလယ်ယာ ကူးပြောင်း လုပ်ကိုင်ရေးများအထိ လုပ်ငန်းပမာဏ များပြားလှသည်။

ဒေသအလိုက် သားငါးထုတ်လုပ် စားသုံးတင်ပို့နိုင်ရေး၊ လယ်ယာသီးနှံများသာမက အနုပညာပစ္စည်း၊ လူသုံး အိမ်သုံးပစ္စည်း၊ အခြားလက်မှုပစ္စည်းများ ဈေးကွက်ဝင်ထုတ်လုပ်နိုင်ရေး၊ တိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းများကြောင့် ရေထု လေထု ညစ်ညမ်းမှုမရှိစေရေး၊ နည်းပညာသစ်များ ဖော်ထုတ်ရေး စသည်တို့ကိုလည်း လုပ်ကိုင်ကြရပေဦးမည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ အောင်မြင်စေရန် ဒေသဆိုင်ရာတာဝန်ရှိသူများ၊ အလုပ်လုပ်လိုသော ကျေးလက်နေပြည်သူများနှင့်ပူးပေါင်း၍ တက်ညီလက်ညီ ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

# အပူပိုင်းဒေသ နွားထိုးကြီး၊ မြင်းခြံ၊ မလှိုင်မြို့နယ်တို့အတွင်း မြစ်ရေတင်စီမံကိန်းနှင့် ပေါင်းစည်းလယ်ယာစနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၉**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Electronic Import & Export Corporation (CEIEC) မှ Vice President, Mr. Song Jian နှင့်အဖွဲ့သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌လာရောက်တွေ့ဆုံပြီး အပူပိုင်းဒေသ နွားထိုးကြီး၊ မြင်းခြံ၊ မလှိုင်မြို့နယ်တို့အတွင်း မြစ်ရေတင်စီမံကိန်းနှင့် ပေါင်းစည်းလယ်ယာစနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Agricultural Integrated Development Project) ဆိုင်ရာ အကောင်အထည်ဖော်မည့် စီမံကိန်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ထွဋ်ဝင်းနှင့် စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကျော်တို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် မလေးရှားသံအမတ်ကြီးတွေ့ဆုံ မြန်မာ-မလေးရှား အလုပ်သမားစေလွှတ်ရေး အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၉**

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး Dr. Ahmad Faisal Bin Muhamad သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ မလေးရှားနိုင်ငံသို့ ရောက်ရှိနေသော မြန်မာအလုပ်သမားများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးကိစ္စ၊ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား အလုပ်သမား စေလွှတ်ရေး သဘောတူစာချုပ် ချုပ်ဆိုရေးကိစ္စ၊ မြန်မာနိုင်ငံတွင် အလုပ်သမားရေးရာ ဥပဒေများနှင့် နည်းဥပဒေမူကြမ်း ရေးဆွဲနေခြင်း၊ အတည်ပြုခြင်းနှင့် ရုတ်သိမ်းခြင်း တို့နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအပေါ် နှစ်ဖက်အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။



**အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး Dr. Ahmad Faisal Bin Muhamad လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

ထိုသို့ တွေ့ဆုံရာတွင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)



**နှစ်ဖက်ဘိုးဘွားမိဘများ အမှူးထားပြီး ဒုတိယဗိုလ်မှူးကြီးဟန်ရင်အား ရည်စူး၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်နေ ဇနီး ဒေါ်နန်းခင်မြိုင်နှင့် သားသမီးမြေးတစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)၌ ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်အလှူငွေနှင့် သံဃာတစ်ပါးစာ ခုတင်၊ မွေ့ရာ၊ ဗီရိုတစ်စုံအတွက် အလှူငွေကျပ် ၁၅ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဘညာဏ် လက်ခံစဉ်။**(သတင်းစဉ်)

## မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၉**

အထက(၂) အင်းစိန်မှ တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၁၂ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အထက(၂) အင်းစိန်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် နေရပ်လိပ်စာ ပြောင်းရွှေ့ထားသော ဆရာကြီး၊ ဆရာမကြီးများသည် ကိုအောင်ခိုင် ဖုန်း-၀၉-၄၉၃၄၀၈၄၃၊ မချိုချို ဖုန်း-၀၉-၅၁၉၇၄၄၂၊ ကိုစိန်သန်း ဖုန်း-၀၉-၇၃၀၇၅၅၃၊ ကိုတင်ဝင်းညွှန့် ဖုန်း-၆၅၆၄၉၄၊ ကိုမျိုးဆန်းမြင့် ဖုန်း-၀၉-၇၃၀၁၀၉၈၈၊ ကိုမြင့်အောင် ဖုန်း-၀၉-၇၃၀၂၁၂၈၉၊ မချိုမာရှိန် ဖုန်း-၀၉-၅၁၃၉၆၄၁၊ ကိုမင်းမင်းဦး ဖုန်း-၀၉-၅၁၄၉၇၄၀၊ ကိုကျော်ကျော်အောင် ဖုန်း-၀၉-၅၁၅၆၁၄၃နှင့် ကိုကိုထွန်း ဖုန်း-၀၉-၇၃၀၀၇၁၃၄ တို့သို့ ဆက်သွယ်ကြရန် ဖြစ်ကြောင်း သိရှိရသည်။ (ကြေးမုံ)

## ဆဋ္ဌမအကြိမ် ဒဿနိကဗေဒမိသားစု အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၉**

ဆဋ္ဌမအကြိမ် ဒဿနိကဗေဒမိသားစု အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက် (တနင်္ဂနွေနေ့ ) နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် နယ်မှ ကျောင်းသား၊ ကျောင်းသူဟောင်းများ သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များရှိ ဒဿနိကဗေဒဌာနများတွင် ဆက်သွယ်ကြရန်ဖြစ်ပြီး ဒေါက်တာသက်သက်နိုင် ဖုန်း-၀၉-၅၀၁၅၈၉၃၊ ဒေါက်တာ ဒေါ်မာမာကြည် ဖုန်း-၅၃၅၀၅၀၊ ဦးတင်ရှိန် ဖုန်း-၀၉-၇၃၀၄၃၉၈၃၊ ဦးငြိမ်းချမ်းအောင် ဖုန်း-၀၉-၅၅၀၀၅၂၉၊ ဒေါ်မြသီ ဖုန်း-၀၁-၅၇၇၈၆၃၊ ဒေါ်သန်းသန်းညွှန့် ဖုန်း-၀၉-၅၀၉၃၄၆၄၊ ဦးသန်းအောင် ဖုန်း-၀၉-၇၃၁၅၀၅၃၇၊ ဦးကိုကိုကြီး ဖုန်း-၀၁-၅၁၈၃၂၆၊ ဦးကျော်လေ ဖုန်း-၀၉-၅၀၂၉၁၁၇၊ ဦးမြင့်ဆွေ ဖုန်း-၀၉-၅၁၁၁၄၁၀၊ ဦးအုန်းစိန် ဖုန်း-၀၉-၈၆၁၃၃၇၀၊ ဒေါက်တာ မြသောင်း ဖုန်း-၀၁-၅၁၆၃၀၃၊ ဒေါ်ခင်သန်းညွှန့် ဖုန်း-၀၉-၅၀၄၆၈၂၁၊ ဦးအောင်ရဲမြင့် ဖုန်း-၀၅၆-၅၁၈၇၁ လိုင်းခွဲ (၂၁၄)၊ ဒေါက်တာသက်သက်နိုင် ဖုန်း-၀၉-၄၉၂၄၁၈၉၉၊ ဦးကျော်ဆန်းမြင့် ဖုန်း-၀၉-၇၃၀၇၈၅၀၇၊ ဒေါက်တာ ဝါဝါဝင်း ဖုန်း-၀၁-၅၃၅၀၅၀၊ ဒေါက်တာသန်းသန်းထွေး ဖုန်း-၀၉-၅၀၅၈၆၁၉၊ ဒေါ်ရီရီမြင့် ဖုန်း-၂၀၀၄၇၁၊ ဒေါ်သက်ဝေဝင်း ဖုန်း-၀၉-၇၃၁၀၀၉၀၉နှင့် ဦးမိုးအောင် ဖုန်း-၀၉-၇၃၂၀၄၀၅၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၀-၁၀-၂၀၁၁ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၇း၀၃ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၃၅ ၄။ မျိုးချစ်တပ်မတော်
၇း၄၀ ၅။ မြန်မာ့ရှုခင်း
၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို

**ညပိုင်း**

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဇာတ်လမ်းတို
၄း၃၀ ၅။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၃၅ ၆။ ဗွီစီဒီကျော်ကြားတေး
၄း၄၅ ၇။ မွေးမြူသုတ
၄း၅၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅း၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၁၀)**
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၃။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၁၄။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း-၆၇)
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၁၈)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ အနုပညာရှင်၏တစ်နေ့တာ
၂၂။ လျှပ်တစ်ပြက်
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍ (အပိုင်း-၂)**

## စစ်တောင်းမြစ်ရေ အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၉**

စစ်တောင်းမြစ်ရေသည် ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၅၇၅ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ (ကြေးမုံ)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၉-၁၀-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၆၇၅၀ | ၀. ၀၃၂၆၀ |
| တရုတ် (ယွမ်) | ၆. ၃၇၈၇၆ | ၀. ၁၅၆၇၇ |
| အိန္ဒိယ (ရူပီး) | ၃. ၁၀၅၅၀ | ၀. ၃၂၂၀၂ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၀၃၁၀ | ၀. ၃၂၂၂၆ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၆၃၅၈ | ၀. ၇၉၁၃၇ |
| ဂျပန် (ယန်း) | ၇၆. ၇၉၆၃ | ၀. ၀၁၃၀၂ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၃၃. ၁၃ | ၀. ၀၀၀၈၈ |
| ယူရို | ၀. ၇၂၃၄၂ | ၁. ၃၈၂၃၂ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၂၀၂ | ၁. ၅၈၂၂၃ |

**အင်တာနက်။**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စာတမ်းရှင်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

❑ရှေ့ဖုံးမှ

အယူအဆဟောင်းဖြစ်သော အပျော်တမ်းအားကစားပုံစံနှင့် ဆက်လက်သွားမည်ဆိုလျှင် ကမ္ဘာ့ဘောလုံးလောက၏နောက်တွင် ကျန်ရစ်နေခဲ့မည်ဖြစ်ပါကြောင်း၊ ဘောလုံးအားကစားကို အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ရပ်အဖြစ် သတ်မှတ်ပြီး သတ်မှတ်ချက်အတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် အရေးတကြီးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်လာပြီဖြစ်ပါကြောင်း၊ အသက်မွေးဝမ်းကျောင်း ဘောလုံးလောက၏ ပညာရပ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အင်တိုက်အားတိုက် ကူးပြောင်းဆောင်ရွက်သွားနိုင်မှသာ ကမ္ဘာ့ဘောလုံးလောက အဆင့်အတန်းကို တက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာဘောလုံးကဏ္ဍ ပြန်လည်တိုးတက်မြင့်မားလာစေရန် ရည်ရွယ်ပြီး ၂၀၀၉ ခုနှစ်မှစ၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် မြန်မာ့ဘောလုံးကို ပရော်ဖက်ရှင်နယ် အသက်မွေးဝမ်းကျောင်းအားကစားပညာရပ်အဖြစ် ကူးပြောင်းစေပြီး မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲများ ကျင်းပနိုင်ရန် ဘောလုံးကလပ်အသင်းများ ဖွဲ့စည်းယှဉ်ပြိုင်စေခဲ့သည့်အတွက် ယခုဆိုလျှင် ဘောလုံးကလပ်အသင်း ၁၂ သင်း တစ်သင်းနှင့်တစ်သင်း အပြင်းအထန်ယှဉ်ပြိုင်လာနေကြသည်ကို တွေ့မြင်ရပြီဖြစ်ပါကြောင်း။

သို့သော် ဘောလုံးကလပ်အသင်းများအနေဖြင့် မြန်မာဘောလုံးလောကကို



ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

အောင်မြင်ကျော်လွှန်ပြီး အာရှဘောလုံးအဆင့်၊ ကမ္ဘာ့ဘောလုံးအဆင့်သို့ ရောက်ရှိလာနိုင်ရေးအတွက် ပြုပြင်ပြောင်းလဲမှု၊ ကြိုးပမ်းအားထုတ်မှုများ မြောက်မြားစွာ လိုအပ်နေသေးသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

မြန်မာဘောလုံးကလပ်အသင်းများကို ပြည်သူလူထုအလွှာပေါင်းစုံ၊ လူမျိုးစုံမှ စိတ်ပါဝင်စားလာကြပြီး ဘောလုံးမျိုးဆက်သစ်များ တိုးတက်များပြားလာနိုင်ရေးနှင့် အရည်အချင်းအလားအလာရှိသောသူများ ပေါ်ပေါက်လာစေရေးအတွက် လိုအပ်နေသော ဘောလုံးအခြေခံအဆောက်အအုံများ ပြည့်စုံလာစေရန် လိုအပ်ပါကြောင်း။

အခြေခံအဆောက်အအုံ အစိတ်အပိုင်းတစ်ခုဖြစ်သော နိုင်ငံတစ်ဝန်းပညာသင်ကျောင်းများတွင် တတ်အားသရွေ့ ဘောလုံးကွင်းနှင့် ဘောလုံးဆိုင်ရာအားကစားရုံ (Gym)များ တည်ဆောက်ပေးခြင်း၊ ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ၊ ရပ်ကွက်/ကျေးရွာ၊ မြို့နယ်/ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘောလုံးပြိုင်ပွဲ ကျင်းပပေးခြင်း၊ မြို့တိုင်းတွင် ဘောလုံးအားကစားပစ္စည်းရောင်းချသောဆိုင်များ ဖွင့်လှစ်ပေးစေခြင်းနှင့် ဘောလုံးအားကစား ဗဟုသုတဆိုင်ရာ စာအုပ်၊ မဂ္ဂဇင်း၊ ကြော်ငြာအခန်းကဏ္ဍမြှင့်တင်ပေးခြင်း အစရှိသော အခြေခံအဆောက်အအုံ လုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးရန် အလျင်အမြန်လိုအပ်လာပါကြောင်း။

ဘောလုံးအားကစားနှင့် တိုက်ရိုက်သက်ဆိုင်သည့် အားကစားသမားများ၊ နည်းပြများ၊ ဒိုင်လူကြီးများအနေဖြင့် သီအိုရီစာတွေ့နှင့် ပရယ်တီကယ်လက်တွေ့နှစ်ခုစလုံး သင်ကြားပြသလေ့ကျင့်ပေးနိုင်ရန် မြန်မာဘောလုံးအကယ်ဒမီ သင်တန်းကျောင်းများ အမြောက်အမြား ပေါ်ထွက်လာရန် လိုအပ်ပါကြောင်း။

စာတွေ့ပိုင်းအနေဖြင့် အားကစားပညာရပ်နည်းစနစ်၊ ကစားနည်းပုံစံအမျိုးမျိုး၊ ခန္ဓာကိုယ်ကြံ့ခိုင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ ပွဲအခြေအနေတို့ကို သိရှိနားလည်ပြီး လျှပ်တစ်ပြက်ဆုံးဖြတ်ချက်များနှင့်အတူ ဖြတ်ထိုးဉာဏ်အသုံးပြုကစားနိုင်ပါမှ အောင်မြင်မှုရရှိမည်ဖြစ်ပါကြောင်း၊ လက်တွေ့အနေဖြင့် ကွင်းအတွင်း တွေ့ရှိနိုင်သောအခြေအနေအရပ်ရပ်ပေါ်မူတည်ပြီး တစ်နေရာတည်း ပိုင်ပိုင်နိုင်နိုင် ကစားခြင်း၊ ပုံစံပြောင်းကစားခြင်း၊ နေရာစုံထောင့်စုံကစားနိုင်ခြင်း၊ ပယ်နယ်တီကန်ချက်များ တိကျအောင်ကန်နိုင်ခြင်း စသည်တို့ဖြင့် ရေပက်မဝင်သည့် ပြင်းထန်သော လက်တွေ့လေ့ကျင့်မှုများ လုပ်နိုင်ပါမှ အောင်ပွဲရမည်ဖြစ်ပါကြောင်း။

နည်းပြများနှင့်ဒိုင်များ၊ အုပ်ချုပ်သူများအနေဖြင့်လည်း ကမ္ဘာ့အဆင့်မီ



ရဲမှူးကြီးငွေအောင် စာတမ်းဖတ်ကြားစဉ်။ (သတင်းစဉ်)

စာတွေ့လက်တွေ့အပြင် ကမ္ဘာတွင် ကျင့်သုံးနေသော စည်းမျဉ်းစည်းကမ်းနှင့် ဘောလုံးဥပဒေများကို အစမှအဆုံး ကျွမ်းကျွမ်းကျင်ကျင် သိရှိနားလည်နိုင်ရန် စာတွေ့လက်တွေ့သင်တန်းများ ဖွင့်လှစ်ပေးသွားရမည်ဖြစ်ပါကြောင်း။

အရေးကြီးဆုံးအချက် ဖြစ်သည့် မရှိမဖြစ်ငွေရေးကြေးရေးရန်ပုံငွေပံ့ပိုးမှုတွင် မိမိနိုင်ငံ၏ အခြေအနေအရ အသင့်တော်ဆုံးဖြစ်အောင် နိုင်ငံတော်က အားပေးကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများ၏ အရေးပါသည့် အခန်းကဏ္ဍ၊ Sponsor များ၏ ပံ့ပိုးမှုများဖြင့် စုစည်းပေါင်းစပ်ကာ အကောင်းဆုံးအခြေအနေထိ ရောက်ရှိနိုင်အောင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ နိဂုံးချုပ်အနေဖြင့် ယနေ့ကျင်းပသည့် ဘောလုံးအားကစားစွမ်းရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ နှစ်ရက်၏ တင်ပြဆွေးနွေးချက်၊ သုံးသပ်အကြံပြုချက်၊ အမေးအဖြေများပေါ်မူတည်ပြီး ထိရောက်သော ဘောလုံးအားကစားရှေ့လုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်အောင် ဝိုင်းဝန်းကြိုးပမ်း ကူညီဆောင်ရွက်သွားကြပါ။ လက်ရှိနောက်ဆုံး U-21 ၏ အောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းနိုင်ပြီး စဉ်ဆက်မပြတ်အောင်မြင်မှုများနှင့်အတူ ကမ္ဘာ့ဘောလုံးလောကသို့ အရောက် လျှောက်လှမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အခမ်းအနား တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စာတမ်းရှင်များနှင့်အတူ အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၀-၁၀-၂၀၁၁ (ကြာသပတေးနေ့)**
**[(၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် (ဥပုသ်နေ့)]**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၁၀ ၈။ တေးဂီတအစီအစဉ်
၈း၂၀ ၉။ အကပဒေသာ
၈း၂၅ ၁၀။ "သုံးပင်နှစ်ဆယ်"
၈း၃၅ ၁၁။ **International News**
၈း၄၀ ၁၂။ အဆိုပြိုင်ပွဲ
၈း၄၅ ၁၃။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်
၉း၀၀ ၁၄။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၆။ မူဟန်သွယ်သွယ်ဆိုကြမယ်
၅း၁၀ ၇။ အတီးပြိုင်ပွဲ
၅း၁၅ ၈။ "ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံတီးဝိုင်းကြီးနှင့် မြန်မာ့အသံခေတ်ပေါ်တေးဂီတပူးပေါင်း ဖျော်ဖြေတင်ဆက်မှု အစီအစဉ်"
၅း၄၅ ၉။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ **ပျော်ရွှင်စေသောနေ့ရက်များ "အချစ်ကော်ဖီ"(အပိုင်း-၇၁)**
၆း၄၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြံကြံဖန်ဖန်အမွေဆိုင်" (အပိုင်း-၃၆)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "လူငယ့်စွမ်းအား"ပြဇာတ် (စစ်ကိုင်းတိုင်းဒေသကြီး)
၁၉။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
၂၀။ အစီအစဉ်ပြီး၏။

## ပန်းတောင်းမြို့နယ် အထကများ မြတ်ဆရာပူဇော်မည်

**ရန်ကုန် အောက်တိုဘာ ၁၉**

ပန်းတောင်းမြို့နယ် အုတ်ရှစ်ပင်အထက၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ ရက်(စနေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဦးမောင်မောင်ထူး ဖုန်း-၀၅၃-၄၂၂၇၆၊ ဦးဇော်မင်းထွန်း ဖုန်း-၀၅၃-၄၂၀၂၀နှင့် ဦးသန်းငွေးဦး ဖုန်း-၀၅၃-၂၅၆၅၂ လိုင်းခွဲ ၄၄၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ ထို့အပြင် ပန်းတောင်းအထက၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဦးစိန်မြင့် ဖုန်း-၀၉-၅၀၂၉၆၂၆၊ ၀၁-၅၃၅၂၂၅၊ ဦးငွေသိန်း ဖုန်း-၀၁-၅၅၅၅၀၅၊ ဦးတင်သောင်း ဖုန်း-၀၉-၅၀၄၂၁၇၀၊ ၀၁-၆၅၀၅၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အပူဇော်ခံ ဆရာ၊ ဆရာမများနှင့် လိုက်ပါလိုသူအသင်းသားများ ဦးစိန်မြင့်၊ ဦးငွေသိန်း၊ ဦးတင်သောင်းတို့ထံသို့ ဒီဇင်ဘာ ၁၅ ရက် နောက်ဆုံးထား သတင်းပို့ရန်နှင့် ဒီဇင်ဘာ ၂၃ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မှထွက်ခွာမည်ဖြစ်ကြောင်းသိရသည်။ (ကြေးမုံ)

## ဘူမိဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

**ရန်ကုန် အောက်တိုဘာ ၁၉**

၁၉၈၂ ခုနှစ် (တတိယနှစ်)နှင့် ၁၉၈၃ ခုနှစ် (စတုတ္ထနှစ်) ဘူမိဗေဒကျောင်းသား၊ ကျောင်းသူများ၏ (၆) ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို နိုဝင်ဘာ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်မွှာရုံ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများကို ကိုဉာဏ်ဝင်း-မသန္တာအေး ဖုန်း-၇၂၂၀၇၂၊ ကိုအောင်မိုး-မမူမူရှိန် ဖုန်း-၂၂၅၂၀၃၊ ကိုကျော်ဦးလွင်-မခင်ဝါဇော် ဖုန်း-၃၈၆၅၉၆၊ မစန်းယုမေ ဖုန်း-၀၉-၅၀၅၇၉၄၅၊ ကိုတင်အောင်ဝင်း ဖုန်း-၂၄၀၀၅၄၊ မစန်းလဲ့ (မိတိုး) ဖုန်း-၀၉-၅၀၃၄၀၆၇၊ မအေးအေး (ပိစိ) ဖုန်း-၂၄၁၂၃၅၊ မချိုချိုအေး ဖုန်း-၀၉-၅၁၈၆၄၀၃၊ ကိုသိန်းဝိုင် ဖုန်း-၀၉-၅၁၅၅၆၁၄၊ ကိုမျိုးသန့် ဖုန်း-၀၉-၅၅၀၀၄၁၃နှင့် ကိုဒေဝ ဖုန်း-၀၉-၅၃၂၁၉၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**ဒိုက်ဦးမြို့နယ် ကတုတ်ဘုရားကြီးနေ ဦးစံရွှေ-ဒေါ်သန်းမြင့်(ငြိမ်းချမ်းကားပိုင်ရှင်) မိသားစုက ဒိုက်ဦးမြို့ ကန်ဦး အထက ပညာရေးပဒေသာပင် ဖောင်ဒေးရှင်းသို့ "ကန်ဦး ဖောင်ဒေးရှင်း ပညာသင်ဆု" အတွက် အလှူငွေကျပ်သုံးသိန်းကို ဖောင်ဒေးရှင်း ဘဏ္ဍာရေးမှူး ဒေါ်ရီရီသန်းထံ ပေးအပ်လှူဒါန်းစဉ်။**
(ကြေးမုံ)



✤ **ကျောဖုံးမှ**

အရှည်ပေ (၃၀၀)ရှိ ကွန်ကရစ်ရေကျော်အဖြစ် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါကြောင်း။

တောင်သာချောင်းရေကျော်၏ ရေစုန်ဘက်(၁၅)ပေခန့်အကွာတွင် ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် (၂၉၅)ပေအရှည် လူကူးသစ်သားတံတားအား ၂၀၀၆ ခုနှစ်က တည်ဆောက်လှူဒါန်းထားသည်ကိုသိရပါကြောင်း၊ နှစ်ကြာလာချိန်တွင် ရေကျော်နှင့် လူကူးတံတားကြား သဲခုံများဖြစ်ပေါ်လာပြီး ရေစီးရေလာကို ဟန့်တားလျက်ရှိပါကြောင်း၊ ယခုအခါ အရှည်ပေ(၆၀၀)၊ အကျယ်ပေ(၁၀၀)ခန့် သဲသောင်ခုံများအား ရှင်းလင်းထားပြီး နောက်ပိုင်းတွင် ချောင်းရေထပ်မံကျော်ခြင်းမရှိတော့သည်ကို သိရှိရပါကြောင်း၊ သို့ဖြစ်၍ မြင်းခြံခရိုင် မြင်းခြံ-တောင်သာ မော်တော်ကားလမ်းပေါ်ရှိ တောင်သာချောင်းကူးကွန်ကရစ်ရေကျော်အား တံတားတည်ဆောက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း၏ **သိန္နီမြို့မှ ချင်းရွှေဟော်မြို့အထိ လမ်းပိုင်းကို လမ်းအကျယ်ချဲ့ပြီး ပိုမိုကောင်းမွန်သောအဆင့်မြင့်လမ်းအဖြစ် နိုင်ငံတော်ကပြုလုပ်ပေးနိုင်မည် သို့မဟုတ် တာဝန်ယူလုပ်ကိုင်လျက်ရှိသော အေးရှားဝေါလ်ကုမ္ပဏီနှင့် ပူးပေါင်းပံ့ပိုး၍ ဆောင်ရွက်ပေးနိုင်မည်တို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့မှ ချင်းရွှေဟော်မြို့ကို ဆက်သွယ်ထားသော လမ်းအရှည်(၆၆)မိုင်ရှိ သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော်လမ်းအပိုင်းကို ဒေသခံတိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီဖြစ်သည့် အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က ၉-၇-၁၉၉၉ ရက်မှ စတင်၍ ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လမ်းအမျိုးအစားမှာ ကတ္တရာလမ်းအဆင့်ဖြစ်ပါကြောင်း၊ အေးရှားဝေါလ်ကုမ္ပဏီအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း မူလသစ်သားတံတား(၂)စင်းကို သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပါကြောင်း၊ နားတီးရွာအထွက်ရှိ ဘေလီတံတား(၂)စင်းကိုလည်း ရေလယ်တိုင်နှင့် ကမ်းကပ်ခုံအသစ်များ ပြန်လည်တည်ဆောက်ပေးခဲ့ပါကြောင်း။

သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော်လမ်းရှိ လမ်းကွေ့ကျဉ်းမြောင်းသောနေရာများ၌ တောင်နံရံချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း၊ ကျန်ရှိသည့်လမ်းကျဉ်းအပိုင်းများကိုလည်း လမ်းတာပေါင်ချဲ့ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လမ်းပေါက်များအား ကြိုတင်ရောကျောက်ကတ္တရာဖြင့်ဖာထေးခြင်း၊ ကတ္တရာထပ်ပိုးလွှာတင်ခင်းခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ သိန္နီ-ကွမ်းလုံ လမ်းအပိုင်း မိုင်တိုင်(၄၁/၀)မှ မိုင်တိုင်(၄၆/၀)အတွင်းရှိ သဲတောင်မှာ နှစ်စဉ်နှစ်တိုင်း ပြိုကျလေ့ရှိသည့်အတွက် လမ်းပိတ်ဆို့မှု မရှိစေရန် မြေထိုးစက်(၁)စီး အဆင်သင့်ထားရှိဆောင်ရွက်လျက် ရှိပါကြောင်း၊ ၎င်းလမ်းအပိုင်းအား ကျွမ်းကျင်ပညာရှင်များနှင့် ပြုပြင်ရန် အေးရှားဝေါလ်ကုမ္ပဏီက စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရေးပေါ် အသုံးပြုရန်အတွက် မိုင်တိုင်(၃၁/၀)မှ (၄၆/၀) အကြား နားတီး၊ အထက်ပန်ဝ၊ နမ့်လောက်၊ ကာမိုင်း၊ မြင်စီပါး၊ ဖာဆန်၊ သဲတောင်ရှောင်ကွင်း လမ်းအရှည် (၂၇) မိုင် (၄)ဖာလုံကို ဖောက်လုပ်ထားပြီး ဖြစ်ပါကြောင်း။

**သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော် လမ်းအပိုင်းအား အေးရှားဝေါလ်ကုမ္ပဏီက ဘီအိုတီစနစ်ဖြင့် လမ်း၊ တံတားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သိန္နီမြို့မှ ချင်းရွှေဟော်မြို့အထိ လမ်းအပိုင်းကို လမ်းအကျယ်ချဲ့ပြီး ပိုမိုကောင်းမွန်သော အဆင့်မြင့်လမ်းအဖြစ် အေးရှားဝေါလ်ကုမ္ပဏီက ဆောင်ရွက်လျက်ရှိပါကြောင်း**ဖြင့် ဖြေကြားသည်။

နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး၏ **ရှမ်းပြည်နယ်အတွင်းရှိ အချို့မြို့နယ်များတွင် လမ်းဖြတ်သန်းခများကိုကောက်ခံပြီး ပျက်စီးသွားသောလမ်းများကို ပြန်လည်ပြုပြင်ခြင်းမရှိသည်ကို တွေ့မြင်ရပါကြောင်း၊ သို့ဖြစ်၍ လုပ်ကိုင်ခွင့်ပြုထားသည့်ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များကို မည်ကဲ့သို့စိစစ်ကြီးကြပ် ဆောင်ရွက်သွားမည်ကိုသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်ရာတွင် လုပ်ငန်းစတင်ဆောင်ရွက်ချိန်မှ တည်ဆောက်ချိန်ကာလ (၃)နှစ် သတ်မှတ်ထားရှိပြီး အဆိုပါကာလအတွင်း လမ်း၊ တံတား အင်္ဂါရပ်များ ပြည့်စုံကောင်းမွန်အောင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အတွင်း တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများက ဘီအိုတီစနစ်နှင့်ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတားတည်ဆောက်ရေး လုပ်ငန်းတိုးတက်မှုကို ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်း၊ တံတားလုပ်ငန်းစစ်ဆေးရေးအဖွဲ့(၁၉)ဖွဲ့ ဖွဲ့စည်းပြီး စစ်ဆေးလျက်ရှိပါကြောင်း။

ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်နေသောလမ်းပိုင်းများတွင် လမ်းအသုံးပြုခကောက်ခံရေးစခန်းများကို ဖွင့်လှစ်၍ လမ်း၊ တံတားအသုံးပြုခများကို သတ်မှတ်နှုန်းထားများအတိုင်း ကောက်ခံခွင့်ပြုထားပါကြောင်း၊ လမ်း၊ တံတားအသုံးပြုခများကို သတ်မှတ်နှုန်းထားထက် ပိုမိုကောက်ခံပါက ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သို့ တိုင်ကြားနိုင်ပါကြောင်း၊ ပိုမိုကောက်ခံကြောင်း စစ်ဆေးတွေ့ရှိပါက လမ်းအသုံးပြုခကောက်ခံခြင်းကို ပထမဦးစွာ တစ်လပိတ်ပင်ခြင်းနှင့် ထပ်မံ၍ စည်းကမ်းဖောက်ဖျက်ပါက လမ်းအသုံးပြုခကောက်ခံခွင့်ကို ရုပ်သိမ်းသည်အထိ အရေးယူအပြစ်ပေး ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော လမ်းပိုင်းများနှင့်ပတ်သက်၍ တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများအား လမ်းချောမွေ့စွာသွားလာနိုင်ရေးအတွက် လမ်း၊ တံတားတိုးတက်ပြုပြင်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားရန်နှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက တွန်းအားပေးကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း**ဖြင့် ဖြေကြားသည်။

မော်လိုက်မဲဆန္ဒနယ်မှ ဦးသောင်း၏ **မော်လိုက်မြို့နှင့် ကလေးဝမြို့ ဆက်သွယ်ထားသော ကားလမ်းကို နွေ၊ မိုး၊ ဆောင်း(၃)ရာသီသွားလာနိုင်သော ကတ္တရာကားလမ်းဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း မေးခွန်းနှင့် မော်လိုက်မြို့ မြို့ပတ်လမ်းနှင့်ကမ်းနားလမ်းအပါအဝင် (၄)မိုင်ခန့်ကို ကတ္တရာစေးလမ်း (သို့မဟုတ်) ဘိလပ်မြေ ကွန်ကရစ်လမ်းခင်းပေးနိုင်ခြင်း ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းများနှင့် စပ်လျဉ်း၍ ကလေးဝ-မော်လိုက်လမ်းသည် လမ်းအရှည်(၃၆)မိုင် ရှည်လျားပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မော်လိုက်မြို့နှင့်ကလေးဝမြို့တို့ကို ဆက်သွယ်ထားသော လမ်းဖြစ်ပါကြောင်း၊ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ ကျေးရွာများကို ဆက်သွယ်ဖောက်လုပ်ထားသောလမ်းဖြစ်ပါကြောင်း၊ ကလေးဝ-မော်လိုက်လမ်းကို ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှစတင်၍ ဖောက်လုပ်ပေးခဲ့ပါကြောင်း၊ အဆိုပါလမ်းကို ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ပါကြောင်း၊ ချင်းတွင်းမြစ်အနီးတည်ရှိပြီး ချောင်းမြောင်းပေါများသည့်အတွက်



ဟိုပန် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျင်ဝမ်း မေးမြန်းစဉ်။
(သတင်းစဉ်)



မော်လိုက် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသောင်း မေးမြန်းစဉ်။
(သတင်းစဉ်)



ပြည် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့် မေးမြန်းစဉ်။
(သတင်းစဉ်)

ရေပြွန်၊ ရေကျော်မှ ပေ(၁၈၀)အထက် တံတားအထိ စုစုပေါင်း (၁၅၇)စင်း ရှိပါကြောင်း။

၎င်းလမ်းသည် တောင်ပေါ်လမ်းဖြစ်သဖြင့် မိုးတွင်းအခါတွင် တောင်ပြိုလမ်းပိတ်ဆို့မှုများရှိသည့်အတွက် နေရာအချို့တွင် လမ်းသားအကျယ်ချဲ့ပေးရန်နှင့် တောင်အတက်အဆင်း မတ်စောက်နေသော အပိုင်းများတွင် အတက်အဆင်းပြေပြစ်စေရန် လမ်းသားနှိမ့်ချပေးရန်လိုအပ်ပါကြောင်း၊ လက်ရှိလမ်းပေါ်ရှိ တံတားများမှာ သစ်သားအမျိုးအစားဖြင့် တည်ဆောက်ထားသော သစ်သားတံတားအများစု ဖြစ်သည့်အတွက် (၁၃)တန်အထက် ယာဉ်များသွားလာနိုင်ရန် တံတားများအဆင့်မြှင့်တည်ဆောက်ရန် လိုအပ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက အဆိုပါကားလမ်းကို ကတ္တရာလမ်းအဆင့်မြှင့်တင်ရန် အစီအစဉ်မရှိသေးပါကြောင်း၊ ရာသီမရွေး သွားလာနိုင်သော လမ်းဖြစ်ရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် လမ်း၊ တံတားပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများ တင်ပြတောင်းခံ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မော်လိုက်ဒေသတွင် လမ်း၊ တံတားများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေးအတွက် မော်လိုက်ခရိုင် အင်ဂျင်နီယာမှူးရုံးကို ၁၁-၇-၂၀၁၁ ရက်တွင် မော်လိုက်မြို့၌ ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မော်လိုက်ဒေသရှိ လမ်း၊ တံတားများကို ယခုထက် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားနိုင်တော့မည် ဖြစ်ပါကြောင်း။

ဒုတိယ မေးခွန်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မော်လိုက်မြို့ မြို့ပတ်လမ်းသည်(၅၇၃၄)ပေ ရှည်လျား၍ လမ်းအမျိုးအစားမှာ ချောင်းကျောက်စရစ်ခင်း အမာခံလမ်းအဆင့်ဖြစ်ပါကြောင်း၊ မြို့ပတ်လမ်း၏အစိတ်အပိုင်းဖြစ်သော ပညာလမ်းသည် ပေ(၁၀၆၀) ရှည်လျား၍ လမ်းအမျိုးအစားမှာ အမာခံလမ်းအဆင့်ဖြစ်ပါကြောင်း၊ မော်လိုက်မြို့တွင်းရှိ ကမ်းနားလမ်းသည် ပေ(၇၀၃၀)ရှည်လျား၍ လမ်းအခြေအနေမှာ ကတ္တရာလမ်း ပေ(၂၁၅၀)၊ ကွန်ကရစ်လမ်း ပေ (၁၂၈၀)၊ မြေသားလမ်း ပေ (၃၆၀၀)ဖြစ်ပါကြောင်း၊ မော်လိုက်မြို့ မြို့ပတ်လမ်းနှင့် ကမ်းနားလမ်းအပါအဝင် စုစုပေါင်း(၂)မိုင်(၅)ဖာလုံခန့်ရှည်လျားပါကြောင်း။

**မော်လိုက်မြို့ မြို့ပတ်လမ်းနှင့်ကမ်းနားလမ်းတို့သည် မော်လိုက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းပိုင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက ကတ္တရာစေးလမ်း သို့မဟုတ် ဘိလပ်မြေကွန်ကရစ်လမ်းခင်းရန် အစီအစဉ်မရှိပါကြောင်း**ဖြင့် ဖြေကြားသည်။

နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး၏ **နတ်တလင်း-တာပွန်လမ်း(၈)မိုင်(၆)ဖာလုံခွဲ ဂဝံလမ်းအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင်စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) နတ်တလင်းမြို့နှင့် တာပွန်ရွာကို ဆက်သွယ်သည့် လမ်းအရှည်(၁၀)မိုင်ရှိ နတ်တလင်း-တာပွန်လမ်းအပိုင်းသည် နတ်တလင်း-မယင်းငယ်-မိုးညို-ထိန်တော-တော်လသ လမ်းပေါ်တွင် တည်ရှိပါကြောင်း၊ မိုင်တိုင်(၁/၁ ဒသမ ၅)မှ(၁၀/၀)အထိ လမ်းအရှည်(၈)မိုင်(၆)ဖာလုံခွဲကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၃၁-၅-၂၀၁၁ ရက်အထိ လမ်းအခြေအနေမှာ အမာခံလမ်း(၈)မိုင်(၆)ဖာလုံခွဲဖြစ်ပါကြောင်း၊ အဆိုပါလမ်းကို ၂၅-၇-၂၀၀၈ ရက်မှစတင်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန သာယာဝတီခရိုင် နတ်တလင်းမြို့နယ် အင်ဂျင်နီယာအဖွဲ့က တာဝန်ယူထိန်းသိမ်းလျက်ရှိပါကြောင်း။

**၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသော ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန သာယာဝတီခရိုင် အင်ဂျင်နီယာမှူးနှင့် နတ်တလင်းမြို့နယ် အင်ဂျင်နီယာအဖွဲ့က သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း၊ ပျက်စီးနေသော ဂဝံလမ်းအပိုင်းအား ဂဝံထပ်ပိုးလွှာတင်၍ အမာခံလမ်းခင်းခြင်း(၅)မိုင်၊ သစ်သားတံတားများ၏ ရက်မ၊ ကြမ်းခင်း၊ ဘီးလမ်းများလဲလှယ်ခြင်း(၃)စင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ရှိ နတ်တလင်း-တာပွန်လမ်းပိုင်းအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေ တင်ပြတောင်းခံပြီး လမ်း၊ တံတားတိုးတက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **National Industry Complex များမှ ထုတ်လုပ်မည့် ကုန်ပစ္စည်းများ၏ ဈေးကွက်အခြေအနေနှင့် ရောင်းချမည့် အနေအထားကို မည်ကဲ့သို့စဉ်းစားထားသည်၊ နိုင်ငံတော်ပိုင် စက်ရုံကြီးများကိုလျှော့ချနေသည့် အခြေအနေတွင် ယင်းမဟာဗျူဟာနှင့် ကိုက်ညီမှု ရှိ/မရှိ လေယာဉ် / ရဟတ်ယာဉ်ကဲ့သို့ ယာဉ်များ Certification လိုအပ်မှုအပေါ် မည်သို့စဉ်းစားထားသည်တို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးက National Industry Complex ၏ အဓိကရည်ရွယ်ချက်မှာ Capacity Building ဖြစ်ပါကြောင်း၊ ယင်းစက်ရုံများသည် နည်းပညာဖွံ့ဖြိုးမှုခေတ်နောက်ကျနေပြီး ငွေကြေးအရင်းအနှီး၊ စက်အရင်းအနှီးများအတွက် လမ်းစပျောက်နေသော ပုဂ္ဂလိကပိုင်နှင့် အများပိုင်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်ကပံ့ပိုးပေးနိုင်ရန်အတွက် အဓိကရည်ရွယ်ပါကြောင်း၊ ယနေ့မြန်မာနိုင်ငံကို စက်မှုနိုင်ငံအဖြစ် တက်လှမ်းနိုင်ရေးတွင် အဟန့်အတားဖြစ်နေသည့် နည်းပညာဖွံ့ဖြိုးမှုလိုအပ်ချက်၊ စက်ရုံအရင်းအနှီး လိုအပ်ချက်၊ စွမ်းအင်လိုအပ်ချက်နှင့်စက်မှုကုန်ကြမ်းလိုအပ်ချက်များကို ဖြည့်ဆည်းဖြေရှင်းပေးရန် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် တစ်မျိုးသားလုံး၏ စက်မှုကုန်ထုတ်လုပ်ရေးနှင့် စက်မှုနိုင်ငံဖြစ်ထွန်းရေးလမ်းကြောင်းဆီသို့ ဦးတည်လျက် ယင်းမှတစ်ဆင့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေးကို ရည်မှန်းချက်ထား၍ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

တစ်ဖက်တွင်လည်း မိမိနိုင်ငံတွင် အခွင့်အလမ်းနည်းပါးမှုကြောင့် လူမှုဘဝကို စွန့်လွှတ်အနစ်နာခံ၍ အခြားသောနိုင်ငံများတွင် သွားရောက်လုပ်ကိုင်နေရသော အင်ဂျင်နီယာများ၊ အတတ်ပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ စီမံခန့်ခွဲသူများ၊



မြန်မာ့ စက်မှု ဖွံ့ ဖြိုး ရေး ဝန်ကြီး ဌာန ပြည် ထောင် စု ဝန်ကြီး ဒုတိယ ဗိုလ် ချုပ် ကြီး သိန်းဌေး မေးမြန်းချက်များကို ပြန်လည် ဖြေကြားစဉ်။
(သတင်းစဉ်)

ကျွမ်းကျင်လုပ်သားများနှင့် သာမန်လုပ်သားများ အစရှိသော လူတန်းစားအားလုံးအတွက် မိမိနိုင်ငံတွင်ပင် ကြီးမားကျယ်ပြန့်သော အလုပ်အကိုင်အခွင့်အလမ်းများ စဉ်ဆက်မပြတ်ဖြစ်ထွန်းစေကာ အိုးမကွာအိမ်မကွာ အလုပ်လုပ်နိုင်သည့် အခွင့်အရေးနှင့် မိမိနိုင်ငံအတွက် အလုပ်လုပ်နိုင်သည့်အခွင့်အရေး၊ မိမိနိုင်ငံ၏ သဘာဝသယံဇာတများကို ပြည်ပနိုင်ငံများသို့အားကိုးရန်မလိုဘဲ မိမိတို့၏အစွမ်းဖြင့် ဖော်ထုတ်သုံးစွဲနိုင်ရေး၊ အတ္တပရအကျိုးကျေးဇူး နှစ်ရပ်စလုံးကိုရရှိစေကာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူမှုရေးဘဝဖွံ့ဖြိုးတိုးတက်ရေးကို အန္တိမရည်မှန်းချက်အဖြစ်ထားရှိကာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

Commodity Goods Production ထုတ်လုပ်ခြင်း မဟုတ်သဖြင့် ဈေးကွက်အခြေအနေကို စဉ်းစားသည့် သဘောသဘာဝ မတူညီပါကြောင်း၊ ဈေးကွက်အခြေအနေနှင့် ရောင်းချမည့်အနေအထားနှင့် ပတ်သက်၍ ထပ်ဆင့်ထုတ်လုပ်မည့် ပုဂ္ဂလိကကဏ္ဍနှင့် တစ်ဦးချင်းကသာ စဉ်းစားရမည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ ယနေ့ ဈေးကွက်စီးပွားရေး သဘောတရားအရ လျှော့ချနေရသော နိုင်ငံပိုင်စက်ရုံများသည် သုံးကုန်ပစ္စည်းထုတ်လုပ်သော Consumer Goods Industry များသာ ဖြစ်ပါကြောင်း၊ နိုင်ငံပိုင်ကဏ္ဍလက်အောက်ရှိ စက်ရုံများတွင် Capital Goods Industry ဟူ၍ ပီပီပြင်ပြင် ဖြစ်ထွန်းခဲ့ခြင်း မရှိသေးပါကြောင်း၊ စက်မှုနိုင်ငံများတွင် Capital Goods Industry များသည် အဓိကမောင်းနှင်အားများဖြစ်ကြပါကြောင်း၊ အစိုးရပိုင် သို့မဟုတ် Multi National Corporation (MNC)များကသာလျှင် ပိုင်ဆိုင်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ လက်ရှိနိုင်ငံပိုင်စက်ရုံများအနက် Capital Goods Industry သဘာဝနှင့် နီးစပ်သည့်စက်ရုံများကိုပင် လောလောဆယ်အခြေအနေတွင် ပုဂ္ဂလိကပိုင်ပြုလုပ်ရန် သင့်လျော်မှုမရှိသေးသည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ မိမိနိုင်ငံ၏ နည်းပညာ စက်မှုအတွေ့အကြုံနှင့် အရင်းအနှီးဆိုင်ရာ ပကတိအနေအထားများအရ Multi National Corporation (MNC) များပေါ်ထွန်းရန် အလွန်အလှမ်းဝေးကွာလျက်ပင်ရှိသေးသဖြင့် နိုင်ငံတော်ကသာ တာဝန်ယူဆောင်ရွက်ရမည့် အခြေအနေပင် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဈေးကွက်စီးပွားရေး၏ သဘောတရားများနှင့်အညီ ကျင့်သုံးလျက်ရှိသော မဟာဗျူဟာနှင့် ဆန့်ကျင်မှုမရှိပါကြောင်း။

**Training Aircraft လေယာဉ်ငယ်များမှစတင်၍ ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို တစ်ဆင့်ပြီး တစ်ဆင့် Technology Maturity နှင့် Airworthiness ရရှိအောင် ထုတ်လုပ်ဆောင်ရွက်ခြင်းတို့ဖြင့် လေယာဉ်ထုတ်လုပ်မှုနည်းပညာနှင့်အဆင့်အတန်းကို အခြေခိုင်အောင် စနစ်တကျဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထိုသို့ လေယာဉ်ထုတ်လုပ်မှုကို တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်သည်နှင့် တစ်ပြိုင်နက်တည်းတွင် ဖွင့်လှစ်ပြီးဖြစ်သော "မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသတက္ကသိုလ်"မှ ဘွဲ့ရအနာဂတ်မျိုးဆက်လူငယ်များကို လေကြောင်းပညာရှင်များနှင့် လေကြောင်းအင်ဂျင်နီယာများ ဖြစ်ထွန်းပေါ်ပေါက်လာအောင် စာတွေ့လက်တွေ့ပေါင်းစပ်လျက် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အနာဂတ်ရေး မျှော်မှန်းချက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။**

**ဝန်ကြီးဌာနက ကနဦးထုတ်လုပ်မည့်လေယာဉ်များမှာ လုပ်ငန်းပူးတွဲဆောင်ရွက်မည့်နိုင်ငံမှ Aircraft (Type)Certificate ရရှိပြီးဖြစ်ရာ Certificate of Airworthiness ရယူရေး ကင်းလွတ်ခွင့်ရသဖြင့် မြန်မာနိုင်ငံလေကြောင်းပိုင်နက်အတွင်း ပျံသန်းမှုပြုနိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါ အဆင့်အတန်းများမှ တစ်ဆင့် ရေရှည်တွင် Aircraft and Hellicopter အမျိုးမျိုးထုတ်လုပ်နိုင်ရေးဆီသို့ ရေရှည်အစီအမံဖြင့် ဦးတည်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်၏ **ရခိုင်ပြည်နယ်မှ ရေထွက်ကုန်ပစ္စည်းများအပေါ် အခွန်နှစ်ရပ် ပေးဆောင်ရခြင်းမှကင်းလွတ်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယား ၁၊ အမှတ်စဉ် ၅၇ အရ ငါးစို၊ ပုစွန်စိုများကို ကိုယ်တိုင်ဖမ်းဆီးရောင်းချသူများအပေါ် ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေရန် ပြဋ္ဌာန်းထားပါကြောင်း၊ သို့သော်လည်း ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယား ၇၊ အမှတ်စဉ် ၃ အရ ကုန်စည်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်း၏ရောင်းရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်(၅)ရာခိုင်နှုန်းပေးဆောင်ရန် ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ကြောင့် ငါးစို၊ ပုစွန်စိုများကို ဝယ်ယူစုဆောင်းပြီး ရန်ကုန်မြို့ရှိ ကုမ္ပဏီနှင့်စက်ရုံများသို့ လေကြောင်း၊ ကုန်းကြောင်းတို့မှတစ်ဆင့်တင်ပို့ရောင်းချသည့် ရခိုင်ပြည်နယ်မှ ရေလုပ်ငန်းရှင်များအနေဖြင့် ဥပဒေနှင့်အညီ ကုန်သွယ်လုပ်ငန်းခွန်များကို မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ပေးဆောင်ရခြင်း ဖြစ်ပါကြောင်း။

ထို့ပြင် အဆိုပါ ရေထွက်ပစ္စည်းများ ဝယ်ယူရောင်းချသည့်လုပ်ငန်းမှ ထွက်ပေါ်လာသည့် အမြတ်ငွေအပေါ် ဝင်ငွေခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝင်ငွေခွန်ကိုပေးဆောင်ရန် တာဝန်ရှိခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ပေးဆောင်ရခြင်းမှာ ရခိုင်ပြည်နယ်အတွင်းတွင်သာ ပေးဆောင်ရခြင်း မဟုတ်ဘဲ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပေးဆောင်ရခြင်းဖြစ်ပါကြောင်း၊ **ပြည်ထောင်စုအစိုးရက ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုထားခြင်းမှာ ပြည်ပပို့ကုန် တိုးမြှင့်ရေးအတွက် တင်ပို့သည့် ပို့ကုန်လုပ်ငန်းရှင်များ၏ ရေချို၊ ရေငန် ရေထွက်ပစ္စည်း အပါအဝင် ပြည်ပပို့ကုန် အမျိုးအစား (၈)မျိုး၏ ပို့ကုန်ရောင်းရငွေများအပေါ်တွင်သာ ကင်းလွတ်ခွင့်ပြုထားခြင်း ဖြစ်ပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း၏ **ချင်းပြည်နယ် ထန်တလန်မြို့နယ်အား နယ်စပ်ကုန်သွယ်ရေးမြို့အဖြစ်** စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆

✳ အမျိုးသားလွှတ်တော်မှ

ဓာတ်အားလိုင်းများကို တည်ဆောက်လျက်ရှိပါကြောင်း။

**မိုးညှင်းခရိုင်အတွင်း တည်ဆောက်လျက်ရှိသည့် နဘား-မိုးညှင်း (၆၆)ကေဗွီ ဓာတ်အားလိုင်း (၄၁ ဒသမ ၇၇)မိုင်မှာ (၈၂)ရာခိုင်နှုန်း၊ မိုးညှင်း-မိုးကောင်း(၆၆) ကေဗွီ ဓာတ်အားလိုင်း (၅၇ ဒသမ ၈၉) မိုင်မှာ (၈၀)ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်ပါကြောင်း၊ စီမံကိန်းများအား၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ဆက်သွယ်ရေးဆိုင်ရာမေးခွန်းများကို မေးမြန်းကြရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်၏ **"မတူပီမြို့တွင် V-Sat စလောင်းစနစ် မှ Micro Auto Station Tower အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်း နှင့်စပ်လျဉ်း၍ ချင်းပြည်နယ် မတူပီမြို့တွင် လိုင်း (၅၀၀)ပါ KY-1000 XM အိတ်ချိန်းကို ၂၂-၃-၂၀၀၉ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး ၃၀-၉-၂၀၁၁ ရက်နေ့အထိ တပ်ဆင်ပြီးဖုန်းအလုံးရေမှာ (၂၁၅)လုံး ဖြစ်ပါကြောင်း၊ အဆိုပါ မတူပီ အိတ်ချိန်း အဝေးဆက်သွယ်မှုအတွက် V-Sat ဂြိုဟ်တုစနစ်ဖြင့် 1 E1 ချိတ်ဆက်ထားရှိပါကြောင်း။

မတူပီအော်တိုအိတ်ချိန်းအဝေးဆက်သွယ်မှုအတွက် V-Sat ဂြိုဟ်တုစလောင်းစနစ်မှ Microwave စနစ် အသုံးပြုမည့်အဆင့်သို့တိုးမြှင့်ပေးရန် စီစဉ်ထားပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန်လျာထားပါကြောင်းဖြင့် ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးထွန်းမြင့်၏ **"ကြိုးဖုန်းများတွင် မည်သည့်ဖုန်းနံပါတ်မှ ခေါ်ဆိုကြောင်း ဖော်ပြသည့်စနစ် (ID Caller) စနစ်အတွက် ပေးဆောင်ရသည့်နှစ်စဉ်ကြေး တူညီမှုမရှိခြင်းနှင့် ထိုစနစ်ကို လက်ကိုင်ဖုန်းများကဲ့သို့ အခမဲ့သုံးစွဲခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ အော်တိုတယ်လီဖုန်း(ကြိုးဖုန်း) သုံးစွဲသူများအနေဖြင့်(Caller ID)စနစ်ကို သုံးစွဲလိုပါက တစ်လလျှင် ကျပ်(၅၀၀) နှုန်း၊ နှစ်စဉ်ကြေးကျပ်(၆၀၀၀)ဖြင့် နေရာဒေသမရွေး တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိုဘိုင်းတယ်လီဖုန်း(လက်ကိုင်ဖုန်း)သုံးစွဲသူများ အနေဖြင့်လည်း (Caller ID) စနစ်ကိုထည့်သွင်းအသုံးပြုခြင်းအတွက် တစ်လလျှင် ကျပ်(၅၀၀)နှုန်းဖြင့် တစ်နှစ်စာ နှစ်စဉ်ကြေး ကျပ်(၆၀၀၀) ဖြင့် ပေးဆောင်သုံးစွဲရပြီး အခမဲ့သုံးစွဲခွင့်ပြုထားခြင်း မရှိပါကြောင်းဖြင့် ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး၏ **"မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကောက်ခံနေသော ရေဒီယိုအသံဖမ်းစက်လိုင်စင်၊ ရုပ်မြင်သံကြားဖမ်းစက်လိုင်စင်၊ ဗီဒီယိုပြစက်လိုင်စင်များ၏ အခွန်ငွေများကို ကောက်ခံနေသည့် ပုံစံစနစ်ပြောင်းလဲ၍လည်းကောင်း၊ လက်ရှိပေးဆောင်နေရသော နှုန်းထားများပြောင်းလဲ၍လည်းကောင်း ကောက်ခံရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ အိမ်သုံးရေဒီယိုလိုင်စင် (Broadcast Receiver License) ခွန်ကို သုံးနှစ်လျှင် လိုင်စင်ခ(၁၈) ကျပ်နှုန်းဖြင့်လည်းကောင်း၊ ရက်လွန်ကြေးကျပ်(၃၀)နှုန်းဖြင့်လည်းကောင်း ကောက်ခံဆောင်ရွက်လျက်ရှိပါကြောင်း။

ရုပ်မြင်သံကြားဖမ်းစက်လိုင်စင်နှင့် ဗီဒီယိုဖွင့်စက်လိုင်စင်အခွန်အခများကို ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက ကောက်ခံရာတွင် ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးအတွက် တစ်နှစ်လျှင် ကျပ်(၁၂၀)နှုန်းဖြင့်လည်းကောင်း၊ ဗီဒီယိုဖွင့်စက်တစ်လုံးအတွက် တစ်နှစ်လျှင်ကျပ် ကျပ်(၆၀)နှုန်းဖြင့် လည်းကောင်း၊ ရက်လွန်ကြေးအဖြစ် ရုပ်မြင်သံကြားဖမ်းစက်(သို့မဟုတ်)ဗီဒီယိုဖွင့်စက်အတွက် ပထမ တစ်လအတွက် ကျပ်(၁၀၀)နှုန်းနှင့် ယင်းကာလထက်ကျော်လွန်ပါက တစ်လလျှင် နောက်ထပ်ကျပ်(၁၀) နှုန်းစီဖြင့်လည်းကောင်း ကောက်ခံပါကြောင်း။

၎င်းနှုန်းထားများကို လေ့လာသုံးသပ်ကြည့်ပါက ခေတ်နှင့်မလျော်ညီတော့သည့် နှုန်းထားများ ဖြစ်နေသဖြင့် ခေတ်နှင့်လျော်ညီသည့် သင့်တော်သောနှုန်းထားများဖြင့် ကောက်ခံနိုင်ရန်အတွက် ဆက်သွယ်ရေးဥပဒေကို ရေးဆွဲလျက်ရှိရာ ရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်အပါအဝင် လွှတ်တော်မှအတည်ပြုသည်အထိ အဆင့်ဆင့်တင်ပြဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် အချိန်ယူရမည်ဖြစ်ပါကြောင်း။

သို့ပါ၍ လက်ရှိကောက်ခံနေသော လိုင်စင်ကြေးနှင့် ရက်လွန်ကြေးများကို လက်ရှိအခြေအနေနှင့် ဆီလျော်သည့်နှုန်းထားများဖြစ်စေရန် အိမ်သုံးရေဒီယိုလိုင်စင် (၁)လုံးအတွက် (၁)နှစ်လျှင်ကျပ်(၁၈၀)၊ ဆိုင်သုံးရေဒီယိုလိုင်စင်(၁)လုံးအတွက် (၁)နှစ်လျှင်ကျပ်(၅၀၀)၊ ရက်လွန်ကြေးအဖြစ်ကျပ်(၃၀၀)အားလည်းကောင်း၊ ရုပ်မြင်သံကြားဖမ်းစက်လိုင်စင်(၁)လုံးအတွက် (၁)နှစ်လျှင်ကျပ်(၁၂၀၀)၊ ရက်လွန်ကြေးအဖြစ် ပထမ(၁)လလျှင် ကျပ်(၁၀၀၀)၊ ယင်းကာလထက်ကျော်လွန်ပါက(၁)လလျှင် နောက်ထပ်ကျပ် (၁၀၀) စီအားလည်းကောင်း၊ ဗီဒီယိုဖွင့်စက်လိုင်စင်(၁)လုံးအတွက် (၁)နှစ်လျှင် ကျပ်(၆၀၀)၊ ရက်လွန်ကြေးအဖြစ် ပထမ(၁)လအတွက် ကျပ် (၁၀၀၀)၊ ယင်းကာလထက်ကျော်လွန်ပါက (၁)လလျှင် နောက်ထပ်ကျပ် (၁၀၀)စီအားလည်းကောင်း၊ အသံချဲ့စက်လိုင်စင်(၁)ခုအတွက် (၁)နှစ်လျှင်ကျပ်(၁၂၀၀)၊ ရက်လွန်ကြေးအဖြစ် ပထမ(၁)လအတွက် ကျပ်(၁၀၀၀)၊ ယင်းကာလထက်ကျော်လွန်ပါက (၁)လလျှင် နောက်ထပ် ကျပ် (၁၀၀) စီအားလည်းကောင်း၊ ရေဒီယိုနှင့်အသံချဲ့စက်(၂)မျိုး ပြုပြင်ခွင့်လိုင်စင်အတွက် (၁)နှစ်လျှင် ကျပ်(၂၄၀၀)၊ ရက်လွန်ကြေးအဖြစ် ပထမ(၁)လအတွက် ကျပ် (၁၀၀၀)၊ ယင်းကာလထက်ကျော်လွန်ပါက (၁)လလျှင် နောက်ထပ် ကျပ်(၁၀၀)စီအားလည်းကောင်း၊ ရေဒီယို၊ အသံချဲ့စက်၊ ရုပ်မြင်သံကြားဖမ်းစက်နှင့် ဗီဒီယိုဖွင့်စက်(၄)မျိုး ပြုပြင်ခွင့်လိုင်စင်အတွက်(၁)နှစ်လျှင် ကျပ်(၃၆၀၀)၊ ရက်လွန်ကြေးအဖြစ် ပထမ(၁)လအတွက်ကျပ်(၂၀၀၀)၊ ယင်းကာလထက်ကျော်လွန်ပါက (၁)လလျှင် နောက်ထပ် ကျပ်(၂၀၀)စီအားလည်းကောင်း ပြင်ဆင်ပါက သင့်လျော်မည်ဖြစ်ပါကြောင်း။



ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးသိန်းထွန်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

၁၉၉၄ ခုနှစ်မှစ၍ ဂြိုဟ်တုရုပ်မြင်သံကြား ဖမ်းစက်လိုင်စင်ကြေးနှင့် သက်တမ်းတိုးကြေးများကို သတ်မှတ်ကောက်ခံခဲ့ရာတွင် လိုင်စင်ကြေးကောက်ခံခြင်းအနေဖြင့် ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် (၁)လုံး စလောင်း (Dish Antenna)၊ ဖိဒ်ဟောန် (Feed Horn)၊ အယ်လ်အင်ဘီ (LNB-Low Noise Block Down Converter)၊ ဖမ်းစက်(Receiver)လိုင်စင်အတွက် (၁)နှစ်လျှင် လိုင်စင်ခငွေကျပ် (၁၂၀၀၀)နှင့် တရားဝင်ခွင့်ပြုချက်မရှိဘဲ မိမိလက်ဝယ်တွင်ထားရှိသည့် ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်အတွက် ဒဏ်ကြေးငွေကျပ်(၃၀၀၀၀) ကောက်ခံခဲ့ပါကြောင်း။

ဂြိုဟ်တုမှတစ်ဆင့် ရုပ်မြင်သံကြားထုတ်လွှင့်ချက်များကို ဖမ်းယူနိုင်သောဖမ်းစက် (Receiver) (၁)လုံးအပြင် နောက်ထပ်ဖမ်းစက်များကို အပိုင်တပ်ဆင်လိုပါက ဖမ်းစက်



ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ မေးမြန်းစဉ်။ (သတင်းစဉ်)



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့် ဆွေးနွေးစဉ်။ (သတင်းစဉ်)

အပို(၁)လုံးစီအတွက် လိုင်စင်ခ၏ (၁၀၀)ရာခိုင်နှုန်းဖြစ်သော ကျပ် (၁၂၀၀၀)ကို ကောက်ခံခဲ့ပါကြောင်း၊ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် (Receiver) (၁)လုံးမှတစ်ဆင့် ရုပ်မြင်သံကြားဖမ်းစက် (Television)(၁)လုံးအပြင် နောက်ထပ် ရုပ်မြင်သံကြား ဖမ်းစက်များကို အပိုင်တပ်ဆင်လိုပါက ရုပ်မြင်သံကြားဖမ်းစက်အပို(၁)လုံးစီအတွက် လိုင်စင်ခ၏ (၁၀)ရာခိုင်နှုန်းဖြစ်သော ကျပ်(၁၂၀၀)ကို ကောက်ခံခဲ့ပါကြောင်း။



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး မေးမြန်းချက်များကို ပြန်လည် ဖြေကြားစဉ်။ (သတင်းစဉ်)

နိုင်ငံခြားအဖွဲ့အစည်းများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နေသော အဖွဲ့အစည်းများအတွက် နိုင်ငံခြားသုံးငွေဖြင့် ကောက်ခံရမည့် ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များနှင့်ပတ်သက်၍ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် (၁)လုံးအတွက် (၁)နှစ်လျှင် လိုင်စင်ခ 60 USD/ FEC နှင့် ရုပ်မြင်သံကြား ဖမ်းစက်(၁)လုံးစီအတွက် (၁)နှစ်လျှင် 6 USD /FEC နှုန်းဖြင့် ကောက်ခံခဲ့ပါကြောင်း။

သက်တမ်းတိုးခြင်းအနေဖြင့် လိုင်စင်သက်တမ်းတိုးခြင်းအား လိုင်စင်သက်တမ်းကုန်ဆုံးသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း သက်တမ်းတိုးမြှင့်ရန်ဖြစ်ပြီး ရက်ပေါင်း(၃၀)ကျော်မှ သက်တမ်းတိုးပါက ရက်လွန်ကြေးကျပ်(၃၀၀၀)ပေးဆောင်ရန် သတ်မှတ်ထားပြီး ရက်ပေါင်း(၉၀)ကျော်ပါက လိုင်စင် ပျက်ပြယ်ပါကြောင်း၊ လိုင်စင်ပျောက်ဆုံးခြင်း၊ပျက်စီးခြင်းတို့အတွက် မူရင်းကွဲလိုင်စင် (Duplicate) ပြုလုပ်ခကျပ်(၃၀၀၀) ကောက်ခံခဲ့ပါကြောင်း။

လိုင်စင်ခများ ကောက်ခံရာတွင် ၂၀၀၂ ခုနှစ် ဇန်နဝါရီလမှစတင်၍ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် သက်တမ်းတိုးခြင်းအတွက် နှစ်စဉ်ကြေးကို ကျပ် (၁၂၀၀၀)မှ ကျပ် (၆၀၀၀)နှုန်းသို့ လည်းကောင်း၊ ဖမ်းစက်အပို(၁)လုံးကို ကျပ်(၁၂၀၀၀)မှ ကျပ်(၆၀၀၀)သို့လည်းကောင်း၊ ရုပ်မြင်သံကြား စက်အပို (၁)လုံးကို ကျပ်(၁၂၀၀)မှ ကျပ်(၆၀၀)သို့လည်းကောင်း ပြောင်းလဲသတ်မှတ်ကောက်ခံခဲ့ပါကြောင်း။

၂၀၀၅ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့မှစတင်၍ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် လိုင်စင်အသစ် ထုတ်ပေးခြင်းမပြုတော့ဘဲ လက်ဝယ်ရှိ လိုင်စင်သက်တမ်းတိုးခြင်းကိုသာ ခွင့်ပြုဆောင်ရွက်ခဲ့ပြီး ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ အကြောင်းအမျိုးမျိုးကြောင့် လိုင်စင်သက်တမ်းတိုးခြင်းကို ရပ်ဆိုင်းထားခဲ့ပါကြောင်း။

**ယနေ့အချိန်တွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပုဂ္ဂလိကဖက်စပ်ထုတ်လွှင့်နေသော ဂြိုဟ်တုရုပ်မြင်သံကြား အစီအစဉ်များပေါ်ပေါက်လာခြင်း၊ ဂြိုဟ်တုရုပ်မြင်သံကြား ဖမ်းယူကြည့်ရှုကြသော ပြည်သူလူထုအနေဖြင့်လည်း နိုင်ငံတော်မှသတ်မှတ်ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေတို့နှင့်အညီ လိုက်နာလုပ်ဆောင်ရန်လိုအပ်ခြင်း၊ နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သော အခွန်အခများ ကောက်ခံရရှိရန်လိုအပ်ခြင်းတို့ကြောင့် ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်လိုင်စင်နှင့်ပတ်သက်၍ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် (Receiver) (၁)လုံး (စလောင်း-ဖိဒ်ဟောန်-LNB ဖမ်းစက်)အတွက် ကနဦးလိုင်စင်ခ ကျပ် (၃၀၀၀၀)၊ FE ဖြင့် ပေးဆောင်ရန်ဖြစ်က 100 USD သို့ လည်းကောင်း၊ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် (Receiver) (၁)လုံးအတွက် မူလနှုန်းထားအတိုင်း (၁)နှစ်လျှင် ကျပ်(၁၂၀၀၀)၊ FE ဖြင့် ပေးဆောင်ရန်ဖြစ်က 60 USD သို့ လည်းကောင်း၊ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် (Receiver) အပို(၁)လုံး အပိုင်တပ်ဆင်လိုလျှင် လိုင်စင်ခ(၁)နှစ်လျှင် မူလနှုန်းထားအတိုင်း ကျပ်(၁၂၀၀၀)၊ FE ဖြင့် ပေးဆောင်ရန်ဖြစ်က 60 USD သို့လည်းကောင်း၊ ရုပ်မြင်သံကြားဖမ်းစက် (Television) အပို(၁)လုံးအတွက် လိုင်စင်ခ (၁)နှစ်လျှင် ကျပ်(၁၂၀၀)၊ FE ဖြင့် ပေးဆောင်ရန်ဖြစ်က 6 USD သို့လည်းကောင်း၊ လိုင်စင်ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်းအတွက် မူရင်းကွဲလိုင်စင် (Duplicate)ပြုလုပ်ခအတွက် ကျပ်(၃၀၀၀)၊ FE ဖြင့် ပေးဆောင်ရန်ဖြစ်က 15 USD သို့ လည်းကောင်း၊ ရက်လွန်ကြေးအတွက် ကျပ်(၃၀၀၀)၊ FE ဖြင့် ပေးဆောင်ရန်ဖြစ်က 15 USD သို့ လည်းကောင်း ပြန်လည်ကောက်ခံပါက သင့်လျော်ပါကြောင်း။**

**ထိုသို့ ပြောင်းလဲကောက်ခံမည့် ရေဒီယို၊ ရုပ်မြင်သံကြားဖမ်းစက်၊ ဗီဒီယိုဖွင့်စက်နှင့် ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် လိုင်စင်အခွန်အခများကောက်ခံခြင်းကို အများပြည်သူ အဆင်ပြေချောမွေ့ လွယ်ကူစေရန်အတွက် မြို့နယ်ဆက်သွယ်ရေးစခန်း(စာတိုက်)များ၌ လည်းကောင်း၊ အသံချဲ့စက်လိုင်စင်၊ ရေဒီယိုနှင့်အသံချဲ့စက် (၂)မျိုးပြုပြင်ခွင့်လိုင်စင်၊ ရေဒီယို၊ အသံချဲ့စက်၊ ရုပ်မြင်သံကြားဖမ်းစက်နှင့် ဗီဒီယိုဖွင့်စက် (၄)မျိုး ပြုပြင်ခွင့်လိုင်စင်တို့အား ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၌လည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် On Line စနစ်ဖြင့် ပေးဆောင်နိုင်ရေးကိုပါ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း**ဖြင့် ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ပညာရေးဆိုင်ရာမေးခွန်းများကို မေးမြန်းကြရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၏ **"အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ၏ နှစ်လွန်ကျောင်းပြောင်းလက်မှတ်တောင်းခံရာတွင် ဌာနဘဏ္ဍာငွေဆုံးရှုံးမှု မရှိစေရေးအတွက် ကာယကံရှင်ထံမှ ဘဏ်လုပ်ငန်း ဆောင်ရွက်ခကိုပါ ပေးသွင်းစေရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းရာ အခြေခံပညာကျောင်းများတွင် တက်ရောက်ပညာသင်ယူလျက်ရှိသည့် ကျောင်းသားတစ်ဦးသည် ပညာသင်နှစ်ကုန်ဆုံးပြီးနောက် လာမည့်ပညာသင်နှစ်၏ နှစ်စပိုင်းတွင်ဖြစ်စေ၊ ပညာသင်နှစ်အတွင်းဖြစ်စေ ကျောင်းဆက်လက်တက်ရောက်ခြင်း မပြုတော့ဘဲ ထိုပညာသင်နှစ် ကုန်ဆုံးပြီးနောက်ပိုင်းတွင်မှ ကျောင်းထွက်လက်မှတ် လာရောက်တောင်းခံပါက သက်ဆိုင်ရာကျောင်းက မိဘအုပ်ထိန်းသူအား အချိန်မီ ကျောင်းထွက်လက်မှတ် လာရောက်ထုတ်ယူခြင်းမပြုနိုင်ရသည့် အကြောင်းပြချက်ကို ဖော်ပြ၍ လျှောက်လွှာတင်သွင်းစေပါကြောင်း။

ထိုအကြောင်းပြချက်ကို ကျောင်းအုပ်က ကျေနပ်လက်ခံနိုင်ပါက ကျောင်းထွက်လက်မှတ် တောင်းခံမှု နောက်ကျကြေးအဖြစ် ငွေတစ်ကျပ်ကို ဘဏ်သို့ပေးသွင်းခွင့်ပြုရန် မြို့နယ်ပညာရေးမှူးရုံးသို့တင်ပြရပြီး မြို့နယ်ပညာရေးမှူးက ကာယကံရှင်အား မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်ပေးသွင်းစေပါကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်က ငွေသွင်းချလန်ပုံစံဖိုး တောင်းခံလျှင်လည်း ကာယကံရှင်က ပေးသွင်းရပါကြောင်း။

ကာယကံရှင်၏ လျှောက်လွှာနှင့် ငွေသွင်းချလန်များစုံလင်ပါက သက်ဆိုင်ရာကျောင်းအုပ်ကြီးက ကျောင်းထွက်လက်မှတ်ကို ထုတ်ပေးမည်ဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်း/ရုံးများအနေဖြင့် **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❍

☆ စာမျက်နှာ ၄ မှ

**သတ်မှတ်ပေးပြီး လိုအပ်သောလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှုများပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အိမ်နီးချင်းနိုင်ငံမျက်နှာစာအလိုက် နယ်စပ်ကုန်သွယ်ရေးစခန်းများကို ဖွင့်လှစ်ခဲ့ရာတွင် မြန်မာ-အိန္ဒိယနယ်စပ် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းကို ၁၂-၄-၁၉၉၅ ရက်တွင်လည်းကောင်း၊ ချင်းပြည်နယ် ရိဒ်ခေါဒါမြို့၌ ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းကို ၁၀-၁၂-၂၀၀၃ ရက်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အိန္ဒိယနိုင်ငံ မျက်နှာစာတွင် ထန်တလန်မြို့နယ်ကို နယ်စပ်ကုန်သွယ်ရေးမြို့အဖြစ် သတ်မှတ်ပေးနိုင်ရန်အတွက် ထန်တလန်မြို့၏အရှေ့ဘက် (၁၅)မိုင်(၄)ဖာလုံဝေးသော နယ်စပ်ဒေသလုံလဲနှင့် (၄၄)မိုင်ဝေးသော နယ်စပ်ဒေသ စာစီချောက်တစ်ခုခုကို ရွေးချယ်ရန်စဉ်းစားရမည်ဖြစ်ပါကြောင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်း တစ်ခု ဖွင့်လှစ်သည့်အခါ ထည့်သွင်းစဉ်းစားရသော အဓိကကျသည့်အချက်များကိုကြည့်မည်ဆိုလျှင် နယ်စပ်ကုန်သွယ်မှုစခန်းများဖွင့်လှစ်မည့် နှစ်ဖက်နိုင်ငံဒေသအတွင်းလုံခြုံမှုရှိခြင်းနှင့် လမ်းပန်းဆက်သွယ်မှု အခြေအနေသည် ကုန်သွယ်မှုချောမွေ့စွာ ဆောင်ရွက်နိုင်မည့်အဆင့်အထိ ကောင်းမွန်ရန်လိုအပ်ပါကြောင်း၊ ထို့ပြင် နှစ်နိုင်ငံချစ်ကြည်မှုရှိခြင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ရန် နှစ်နိုင်ငံညှိနှိုင်းသဘောတူညီချက်ရရှိထားခြင်းတို့လည်းလိုအပ်ပါကြောင်း၊ ဤသို့ညှိနှိုင်းပြီးပါကလည်း နှစ်နိုင်ငံနယ်စပ်ဂိတ်များတွင် ကုန်သွယ်မှုလုပ်ငန်း၊ အကောက်ခွန်လုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ လူဝင်/ထွက် ကြီးကြပ်ရေး အစီအစဉ်များအပါအဝင် အခြေခံအဆောက်အအုံ လိုအပ်ချက်များ ပြည့်စုံရမည်ဖြစ်ပါကြောင်း၊ ကုန်သွယ်မှုအနေအထားကို ကြည့်လျှင်လည်း ဒေသအတွင်းနှစ်ဖက်ပြည်သူစားသုံးရန် သာမန်သွားလာဝယ်ယူသည့် ကုန်သွယ်မှုပမာဏအဆင့်၌သာ မဟုတ်ဘဲ နှစ်နိုင်ငံပို့ကုန်၊ သွင်းကုန်အပြန်အလှန်မျှတစွာ ကုန်သွယ်နိုင်သော ထိုက်သင့်သည့် ပမာဏရှိရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ပြည်တွင်းရှိ အခြားတိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့်ချိတ်ဆက်ကာ ကုန်သွယ်မှုပြုနိုင်သောအခြေအနေလည်း ရှိရမည်ဖြစ်ပါကြောင်း။

ချင်းပြည်နယ် ထန်တလန်မြို့နယ်၏ အနေအထားသည် နယ်မြေအေးချမ်းလုံခြုံမှုရှိသော်လည်း အခြားအချက်များ ပြည့်စုံမှုမရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းများ၏သဘောကို ပြန်ကြည့်လျှင် နှစ်နိုင်ငံနယ်စပ် ကုန်းတွင်းပိုင်း မျက်နှာစာ မည်မျှရှည်လျားစေကာမူ အဓိကကျပြီး လိုအပ်သော နေရာများနှင့် အထက်ကတင်ပြခဲ့သောအခြေခံအချက်များ ပြည့်စုံသည့်နေရာများ၌သာ ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ထန်တလန်မြို့နယ်၌ နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ရန် အတွက် အခြေခံအချက်များ ပြည့်စုံမှုရှိလာလျှင် ဆန်းစစ်နိုင်ရန် နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းဆောင်ရွက်ရာတွင် အဓိကလုပ်ငန်း၊ နယ်မြေလုံခြုံရေးနှင့် လမ်း၊ တံတား ကိစ္စများ ဆောင်ရွက်ကြရမည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းအဖွဲ့ ဖွဲ့စည်းကာ ကွင်းဆင်းလေ့လာဆောင်ရွက်ပြီး တွေ့ရှိချက်များအပေါ် မူတည်၍ ပြည်ထောင်စုအစိုးရအဖွဲ့ထံ လိုအပ်သလို တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

**မြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေကြမ်း**ကို အောက်တိုဘာ ၅ ရက်တွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ခဲ့ရာ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက သတ်မှတ်ကာလအတွင်း ပြင်ဆင်ချက်တင်သွင်းမှု တစ်စုံတစ်ရာ မရှိသည့်အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သည့်အတိုင်း လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၃ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အဆိုပါ ဥပဒေကြမ်းကို ဩဂုတ် ၂၉ ရက်က ပြည်သူ့လွှတ်တော်၌ စတင်ဆွေးနွေး အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ဩဂုတ် ၃၀ ရက်တွင်ပေးပို့ခဲ့ကြောင်းနှင့် ယနေ့ပြင်ဆင်ချက်ဖြင့်အတည်ပြုချက်အရ ယင်းဥပဒေကြမ်းတွင် အခန်း(၁၅)ခန်းပါဝင်ပြီး အပိုဒ်ပေါင်း(၆၇)ခုပါရှိမည်ဖြစ်ကြောင်း သိရှိရသည်။

ဒုတိယပုံမှန်အစည်းအဝေး(၃၇)ရက်မြောက်နေ့ကို နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

# ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်

# ရသုံးမှန်းခြေငွေစာရင်း( ဘတ်ဂျက် )ရေးဆွဲခြင်းနှင့်စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲသို့တက်ရောက်

နေပြည်တော် အောက်တိုဘာ ၁၉

**ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ခန်းမ၌ ဒုတိယနေ့အဖြစ် ကျင်းပသည့် ရသုံးမှန်းခြေငွေစာရင်း(ဘတ်ဂျက်) ရေးဆွဲခြင်းနှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။**

ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။





### ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ ရန်ကုန်စီးပွားရေး တက္ကသိုလ်ပါမောက္ခ/ဌာနမှူး (အငြိမ်းစား) ဒေါ်ညွန့်ညွန့်ဆွေက Public Budgeting; Policy Process and Politics ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခ/ဌာနမှူး (အငြိမ်းစား) ဒေါ်ဆင်းသိင်္ဂီက Budgeting in Congress; Reflection on How the Budget Process Function By the US Congress ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်စီးပွားရေး တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာခင်စန်းရီက Public Budgeting; a Global Perspective ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးရှင်းလင်းချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ရှင်းလင်းဆွေးနွေး တင်ပြကြသူများက ပြန်လည်ဖြေကြားကြပြီး ဒုတိယနေ့ ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

**ဆွေးနွေးပွဲ တက်ရောက်**

**ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ရသုံးမှန်းခြေငွေစာရင်း (ဘတ်ဂျက်)ရေးဆွဲခြင်းနှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်စဉ်။**

(သတင်းစဉ်)

❍ စာမျက်နှာ ၅ မှ

နှစ်လွှန်ကျောင်းထွက်လက်မှတ် ထုတ်ပေးခြင်းကို ၁၉၇၅ ခုနှစ်မှစ၍ စနစ်တကျ သတ်မှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုစဉ်က ဘဏ်လုပ်ငန်းဆောင်ရွက်မှုစရိတ်မှာ နှစ်စဉ်ငွေကြေးလည်ပတ်မှုလုပ်ငန်းပမာဏအပေါ် မူတည်၍ စုပေါင်းသတ်မှတ်ကောက်ခံခြင်းဖြစ်ပြီး ခေါင်းစဉ်တစ်ခုချင်းအလိုက် ကောက်ခံခဲ့ခြင်းမျိုး မဟုတ်ပါကြောင်း။

နှစ်လွှန်ကျောင်းထွက်လက်မှတ်အတွက် ကောက်ခံသည့်ဒဏ်ကြေးမှာလည်း စည်းကမ်းထိန်းသိမ်းရေးလိုအပ်ချက်အရ ဆောင်ရွက်ခြင်းဖြစ်ပြီး ကောက်ခံသောနှုန်းထားမှာ လက်ရှိအခြေအနေနှင့် ဆီလျော်မှုမရှိတော့ကြောင်း တွေ့ရှိရပါသဖြင့် ပြင်ဆင်သင့်ပါကြောင်း။

ယခုအခါ မသင်မနေရ မူလတန်းပညာရေးစနစ်ကို ဦးတည်အကောင်အထည်ဖော်လျက်ရှိသဖြင့် မူလတန်းအဆင့်ကျောင်းသားများအတွက် နှစ်လွှန်ကျောင်းထွက်လက်မှတ် တောင်းခံလာမှုများအပေါ် ဒဏ်ကြေးကောက်ခံမှုမပြုဘဲ သက်ဆိုင်ရာကျောင်းက စိစစ်ထုတ်ပေးရန်ပြင်ဆင်သတ်မှတ်ပေးခြင်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသားများအတွက် ဘဏ်ဝန်ဆောင်စရိတ်အပါအဝင် ကာယကံရှင်ထံအား ငွေတစ်ကျပ်အစား ငွေကျပ်(၂၀၀)အဖြစ် ပြင်ဆင်သတ်မှတ်ပေးသွင်းစေခြင်းဖြင့် လက်ရှိဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ သင့်တင့်မျှတစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ သတ်မှတ်ဆောင်ရွက်ပေးနိုင်ရန် စီစဉ်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၏ **"ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးကန်ထရိုက်အသီးသီးတို့နှင့် ညှိနှိုင်းပြီး ဆောက်လုပ်ခဲ့သော ကျောင်းများသည် ကျောင်းများအဖြစ် သတ်သတ်မှတ်မှတ် ရှိ/မရှိ၊ ကျောင်းပျောက်ပြီး လူနေအိမ်ခြေအဖြစ်သို့ ရောက်သွားခြင်းရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းကိုမေးမြန်းရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အန္တရာယ်ရှိအဆောက်အအုံ (DB)အဖြစ် သတ်မှတ်ခဲ့သည့် အခြေခံပညာကျောင်း(၉)ကျောင်းကို ဌာနနှင့် ဆောက်လုပ်ရေးကုမ္ပဏီတို့ အကျိုးအမြတ်(၂၀း၈၀)ဖြင့် ၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် ယခင် မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အကျိုးတူဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့သို့ အကျိုးတူဆောင်ရွက်ရာ၌ အခြေခံပညာကျောင်းနှင့် လူနေအိမ်ရာတို့ သီးခြားစီ ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါကြောင်း။

၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် ဌာနနှင့်ဆောက်လုပ်ရေးကုမ္ပဏီတို့ အကျိုးအမြတ်ကို (၄၀း၆၀) အဖြစ် နိုင်ငံတော်ကပြောင်းလဲသတ်မှတ်ခဲ့ရာ ဝန်ကြီးဌာနအနေဖြင့် လူနေအိမ်တိုက်ခန်းများ ထပ်မံရရှိခဲ့သော်လည်း ရရှိခဲ့သည့်လူနေအိမ်တိုက်ခန်းများကို နိုင်ငံတော်ပိုင်ပစ္စည်းများလွှဲပြောင်းလက်ခံရေး ကော်မတီသို့ နိုင်ငံတော်ပိုင်အဖြစ် အပ်နှံခဲ့ပြီးဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လူနေတိုက်ခန်းများ ရယူထားခြင်းမရှိပါကြောင်းနှင့် ဆောက်လုပ်ပြီးကျောင်းများကိုမူ အခြေခံပညာကျောင်းများအဖြစ် သတ်သတ်မှတ်မှတ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ အဆိုပါ အခြေခံပညာကျောင်း (၉)ကျောင်းအပြင် ထပ်မံ၍ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းများ ယနေ့တိုင်မရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၏ **"အခြေခံပညာကျောင်းသား၊ ကျောင်းသူများ၏ နှစ်လွှန်ကျောင်းပြောင်းလက်မှတ်တောင်းခံရာတွင် ဌာနဘဏ္ဍာငွေဆုံးရှုံးမှု မရှိစေရေးအတွက် ကာယကံရှင်ထံမှ ဘဏ်လုပ်ငန်းဆောင်ရွက်ခကိုပါ ပေးသွင်းစေရန် အစီအစဉ် ရှိ/မရှိ "**မေးခွန်းပါကိစ္စရပ်ကို ပညာရေးဝန်ကြီးဌာနကလည်းဆောင်ရွက်မည်ဖြစ်၍ ယင်းမေးခွန်းကို **"ကျောင်းပြောင်းလက်မှတ် နှစ်လွှန်ကြေး (၁)ကျပ်ကောက်ခံမည့်အစား ကျပ်(၂၀၀)သို့ ကောက်ခံရန်အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"**အဆိုအဖြစ် ပြင်ဆင်၍ အတည်ပြုကြောင်း လွှတ်တော်ကဆုံးဖြတ်သည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်းကို တင်သွင်းသည်။

ယင်းဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ တင်သွင်းခဲ့သည့် **" နိုင်ငံတော်တစ်ဝန်းရှိ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနများ ကွပ်ကဲမှုအောက်ရှိ မြို့နယ်ပညာရေးမှူးရုံးများတွင် လက်ရှိခွင့်ပြုထားသော လက်ရှိဝန်ထမ်းဖွဲ့စည်းပုံ ခွင့်ပြုအင်အားသည် လုပ်ငန်းလုပ်ကိုင်လည်ပတ်ရန် မဖြစ်နိုင်သော အင်အားဖြစ်နေပါ၍ ဌာန၌ရှိပြီး ခွင့်ပြုဝန်ထမ်း အမျိုးအစားနှင့် အင်အားဘောင်အတွင်းမှပင် သင့်တင့်သောဖွဲ့စည်းပုံဖြင့် ပြင်ဆင်ခွင့်ပြုပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"**အဆိုနှင့်စပ်လျဉ်း၍ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဘိုးရယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနုနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးထွန်းမြင့်တို့က မြို့နယ်ပညာရေးမှူးရုံးများသည် တစ်မြို့နယ်လုံးရှိ အခြေခံပညာကျောင်းများ၏ လစာအပါအဝင် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ ကျောင်းများ အရည်အသွေးမြှင့်တင်ရေး၊ သင်ကြားရေးလုပ်ငန်းများ အောင်မြင်ရေးစသည့်ကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်နေရသည့်အပြင် ကျောင်းများကို အနီးကပ်ကြီးကြပ်နေရသဖြင့် လုပ်ငန်းပမာဏများပြားပြီး အခက်အခဲများနှင့်ကြုံတွေ့နေရပါကြောင်း၊ လောလောဆယ်တွင် တိုင်းပညာရေးမှူး၏ ခွင့်ပြုချက်ဖြင့် အခြေခံပညာကျောင်းများမှ ဝန်ထမ်းအချို့ကို တွဲဖက်အဖြစ် ခေါ်ယူဆောင်ရွက်နေသဖြင့်သာလုပ်ငန်းများ အဆင်ပြေချောမွေ့နေခြင်း ဖြစ်ပါကြောင်း၊ လက်ရှိခွင့်ပြုဝန်ထမ်းအင်အားဖြင့် မလုံလောက်ပါကြောင်း၊ ဖွဲ့စည်းပုံအသစ်ဖြင့် တိုးချဲ့ဖွဲ့စည်းပေးပါက ကြီးစွာအထောက်အကူပြုမည်ဖြစ်ကြောင်းနှင့် အဆိုကို ထောက်ခံအပ်ပါကြောင်းဖြင့် ဆွေးနွေးကြသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုသည်။

ယင်းနောက် ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၆) ရက်မြောက်နေ့ကို နံနက် ၁၁ နာရီခွဲတွင် ရပ်နားပြီး (၃၇) ရက်မြောက်နေ့ အစည်းအဝေးကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၀ ရက် ကြာသပတေးနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်း (၆)ခုကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ မေးခွန်း (၁)ခုကို အဆိုအဖြစ် ပြင်ဆင်အတည်ပြုခြင်း၊ ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်းနှင့် အဆို(၁)ခုကို အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၀-၁၀-၂၀၁၁ (ကြာသပတေးနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "အိမ်ရှင်ခန္ဓာနှင့် ဧည့်သည်ခန္ဓာ" တရားတော် (ဆရာတော် ဓမ္မဒူတ အရှင်ပညာဝရ)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (ဇာတ်သိမ်းပိုင်း)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၁၀၄)**
၈း၅၀ ဝိဇာတနှင့် ဝိဟာရအလှူမင်္ဂလာ (အောင်စကြာမမ္မရိပ်သာ)
၉း၁၀ ဖန်တီးသူ၏ ပညာစွမ်းမှသည်. . . လှပသောဘဝများဆီသို့
၉း၃၅ Intellectual Talk (လူ့အဖွဲ့အစည်းတွင် ဘာသာစကား၏ အခန်းကဏ္ဍ) [မောင်ခင်မင်(ဓနုဖြူ)၊ကိုကိုလှိုင်]
၁၀း၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၅၅ Activities In The City [The Romatic Wedding Fair (2011) သီတဂူမင်္ဂလာဝတ်စုံနှင့် လက်ဝတ်ရတနာဆိုင်]
၁၁း၃၀ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ်
၁း၀၀ "အိမ်ရှင်ခန္ဓာနှင့် ဧည့်သည်ခန္ဓာ" တရားတော် (ဆရာတော် ဓမ္မဒူတ အရှင်ပညာဝရ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ Quiz Idol
၃း၀၀ သန်လျင်မြို့ နတ်စင်တစ်ရာ ကျောင်းတိုက်၊ သစ္စာဓိဋ္ဌာန် လိုတရအောင်တော်မူစေတီ ပထမအဆင့် ဌာပနာပိတ်ပွဲ
၃း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (ဇာတ်သိမ်းပိုင်း)**
၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၁၀၄)**
၅း၀၀ ဓာတ်ပုံထဲမှ အမှတ်တရများ (တေးသံရှင် ငယ်ငယ်နှင့် တွေ့ဆုံခြင်း)
၅း၄၀ သီးနှံစိုက်ပျိုး အထွက်တိုး "စားသုံးဆီ ဖူလုံဖို့ မြေပဲအထွက်တိုးအောင် စိုက်ကြစို့"
၅း၄၅ Activities In The City (မြန်မာရုပ်ရှင်နေ့အထိမ်းအမှတ်နှင့် သက်ကြီးရုပ်ရှင်အနုပညာရှင်များ ပူဇော်ပွဲအခမ်းအနား)
၆း၀၀ MRTV-4 သတင်း
၆း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၁)**
၇း၀၀ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၁၀း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၁၀၅)**
၁၁း၀၅ စကားနပန်း (အတုခိုးတာကောင်းတယ်၊ အတုမခိုးတာကောင်းတယ်)
၁၂း၁၀ Style ရှိမှ Star ဖြစ်မယ်
၁း၀၅ အနုပညာမိုးကောင်းကင်
၁း၂၅ ရဲယိုနှင့် ကျန်းမာရေး
၁း၃၀ အားကစားမြင်ကွင်းစုံ
၁း၅၅ အရိုးပါးရောဂါလက္ခဏာ၊ အရိုးပါးရောဂါရှိ၊ မရှိ စစ်ဆေးခြင်း (ပါမောက္ခ ဒေါက်တာနေဝင်း၊ ဒေါက်တာလှကြည်)
၂း၁၅ မေတ္တာနန္ဒမှသည် မိဘမဲ့ကလေးများဆီသို့
၂း၃၅ ဖုန်းဘီလ်ကိစ္စ. . . စိတ်သာချ. . စီးပွားဘဏ်မှ ဆောင်လို့ရ
၂း၅၀ ပန်းပုပန်းချီ တုမီအောင် လက်ရာစုံပေသည်
၃း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄း၀၀ နတ်လူသာဓုခေါ် စေသော်ဝ် (ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော) (ဒါရိုက်တာ-သော်ကိုကိုကျော်)
၄း၂၀ ကျန်းမာလှပတဲ့ဘဝပိုင်ဆိုင်ဖို့ ယောဂကျင့်စဉ် ကျင့်ကြစို့
၄း၄၀ ထာဝရရှင်သန်ဖူးပွင့်နေမည့် သာသနာ့ဥယျာဉ်
၅း၀၀ အစီအစဉ်ပြီး။

## အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၉**

အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် "၂၀၁၁"အထိမ်းအမှတ် မြန်မာ့သစ်တောသီတင်းပတ်စာစီစာကုံးပြိုင်ပွဲကို အောက်တိုဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် လှိုင်သာယာမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၃)၌ ကျင်းပရာ အင်းစိန်မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါစာစီစာကုံးပြိုင်ပွဲအား ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပပြီး အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၆၀ ဦးယှဉ်ပြိုင်ကြသည်။ **(အောက်ပုံ)** (မြို့နယ်သစ်တော)



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ဂျပန်-မြန်မာပါလီမန်အမတ်များ ချစ်ကြည်ရေးအဖွဲ့ဥက္ကဋ္ဌဟောင်းနှင့် ဝါရင့်အထက်လွှတ်တော်ဥက္ကဋ္ဌဟောင်း Mr. Watanabe Hideo ခေါင်းဆောင်သော ချစ်ကြည်ရေးအဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၉

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ဂျပန်-မြန်မာပါလီမန်အမတ်များ ချစ်ကြည်ရေးအဖွဲ့ ဥက္ကဋ္ဌဟောင်းနှင့် ဝါရင့်အထက်လွှတ်တော်ဥက္ကဋ္ဌဟောင်း Mr. Watanabe Hideo ခေါင်းဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြပြီး Mr. Watanabe Hideo ခေါင်းဆောင်သော ချစ်ကြည်ရေးအဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Takashi SAITO လည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဂျပန် လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်စေရေး၊ မြန်မာ-ဂျပန်နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရေးပိုမိုတိုးတက်စေရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ဂျပန်-မြန်မာပါလီမန်အမတ်များ ချစ်ကြည်ရေးအဖွဲ့ ဥက္ကဋ္ဌဟောင်းနှင့် ဝါရင့်အထက်လွှတ်တော် ဥက္ကဋ္ဌဟောင်း Mr. Watanabe Hideo ခေါင်းဆောင်သော ချစ်ကြည်ရေးအဖွဲ့တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ဂျပန်-မြန်မာပါလီမန်အမတ်များ ချစ်ကြည်ရေးအဖွဲ့ ဥက္ကဋ္ဌဟောင်းနှင့် ဝါရင့်အထက်လွှတ်တော် ဥက္ကဋ္ဌဟောင်း Mr. Watanabe Hideo ခေါင်းဆောင်သော ချစ်ကြည်ရေးအဖွဲ့ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

# ပေးသင့်ပေးထိုက်သည့် ကျသင့်အခွန်နှုန်းထားများ လိုလိုလားလား ထမ်းဆောင်ကြရေး ပညာပေးစည်းရုံး

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ပြည်တွင်း အခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အခွန်ဦးစီးဌာနမှူးများအား ဆွေးနွေးမှာကြားစဉ်။**

(သတင်းစဉ်)



**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်သူတို့၏ လူမှုစီးပွားအခြေအနေများ ဖွံ့ဖြိုးတိုးတက်စေရန် အဓိကကျသော အသုံးစရိတ်များ ရှာဖွေရေးတာဝန်ကို ဆောင်ရွက်နေရသည့် ပြည်တွင်းအခွန်များဦးစီးဌာနရှိ ဝန်ထမ်းများအနေဖြင့် အခွန်အရပ်ရပ် လျာထားချက် ပြည့်မီကျော်လွန်ရုံမျှမက ဥပဒေနှင့်အညီ အပြည့်အဝ စည်းကြပ်ကောက်ခံရရှိစေရေး ကြိုးပမ်းကြရန်၊ အခွန်ထမ်းပြည်သူများအနေဖြင့် ပေးသင့်ပေးထိုက်သည့် ကျသင့်အခွန်နှုန်းထားများကို လိုလိုလားလား ထမ်းဆောင်ကြရေး ပညာပေး စည်းရုံးသွားရန် စသည်ဖြင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ယမန်နေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အခွန်ဦးစီးဌာနမှူးများနှင့် တွေ့ဆုံစဉ် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် ဦးဝင်းသန်းက အခွန်စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များတွင် မျှတရေးနှင့် ထိရောက်မှုရှိရေး ဟန်ချက်ညီ ဆောင်ရွက်ကြရန် မှာကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်မော်ကဌာန၏ အုပ်ချုပ်ရေးဆိုင်ရာနှင့် လုပ်ငန်းရည်မှန်းချက်များ အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အခွန်ဦးစီးဌာနမှူးများက ဒေသအလိုက် ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းလျာထားချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အစိုးရသစ်၊ ဥပဒေသစ်၊ လုပ်ထုံးလုပ်နည်းအသစ်များဖြင့် လုပ်ငန်းဆောင်ရွက်မှုများကို ဥပဒေစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ဝန်ထမ်းအဆင့်အတန်းအားလုံးသည် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ခံယူချက်မြင့်မားစွာဖြင့် လုပ်ထုံးလုပ်နည်းနှင့်တာဝန်များကို ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရန် သုတေသနနှင့် လေ့ကျင့်သင်ကြားပေးခြင်း (Research and Training) လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ကြရန် စသည်ဖြင့် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဘဏ်များဇုန် မြတ်ပန်းသဇင်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ့စီးပွားရေးဘဏ် အရာထမ်းများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၁၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမှာစကား ပြောကြားရာတွင် ယခုဖွင့်လှစ်သည့် သင်တန်းတွင် တက်ရောက်လာကြသည့် သင်တန်းသားများသည် ဘဏ်ခွဲတာဝန်ခံ၊ ရုံးချုပ်ဘဏ်၏ ဌာနစုတာဝန်ခံများအဖြစ် တာဝန်ထမ်းဆောင်နေကြရသူများဖြစ်သည့်အတွက် ဘဏ်လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များကို ကျွမ်းကျင်ပိုင်နိုင်မှသာ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းတွင် သင်ကြားပေးမည့် ဘဏ်လုပ်ငန်းဆိုင်ရာ ပညာရပ်များကို လေ့လာသကဲ့သို့ ဘဏ်တွင် ငွေကြေးကိစ္စရပ်များ လာရောက် ဆောင်ရွက်သူများအနေဖြင့် ဘဏ်လုပ်ငန်း ဆောင်ရွက်မှုများအပေါ် စိတ်ကျေနပ်မှု အပြည့်အဝရရှိစေရန် ဖြည့်ဆည်းပေးမည့် အစီအမံများကိုလည်း ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော်ကြရန် လိုအပ်ကြောင်း၊ ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ အသုံးချခြင်းကို တိုးချဲ့ဆောင်ရွက်သွားနိုင်ရန်လည်း ကြိုးပမ်းအားထုတ်ကြရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက်ပြီး ရက်သတ္တ လေးပတ်ကြာ ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာ ပညာဗဟုသုတများ၊ မျက်မှောက် စီးပွားရေးရာ အခြေအနေများ စသည်တို့ကို လေ့လာသင်ယူကြမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

# သိပ္ပံနည်းစနစ် (၁၄)ချက်ဖြင့် စိုက်ပျိုးဆောင်ရွက်မှု ရှင်းလင်း

**မင်းဘူး(စကု) အောက်တိုဘာ ၁၉**

မင်းဘူး(စကု)မြို့နယ် ဥယျာဉ်ဇင်အုပ်စု ကွင်းအမှတ်(၁၁၉၂)ရှိ မိုးစပါးစံပြ ငါးဧကစိုက်ခင်း၌ မြေသြဇာကြဲပက်ခြင်း ပညာပေးပြသပွဲကို စက်တင်ဘာ ၂၇ ရက်က တောင်သူ ဦးလွင်ဦး၏ စံပြစိုက်ခင်း၌ ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ ခေါင်းဆောင် ဦးထွန်းမြင့်(မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ)နှင့် တောင်သူ ဦးလွင်ဦးတို့က သိပ္ပံနည်းစနစ် (၁၄)ချက်ဖြင့် စိုက်ပျိုးအောင်မြင်နေမှုများကို ကျေးရွာအုပ်စု ၁၄ အုပ်စုမှ တက်ရောက်လေ့လာသူများအား ရှင်းလင်းခဲ့ကြကြောင်း သိရသည်။ (ကြေးမုံ)

# ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဂျပန်-မြန်မာ လွှတ်တော်အမတ်များ ချစ်ကြည်ရေးအဖွဲ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၉**

အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းအား ဂျပန်-မြန်မာပါလီမန်အမတ်များ ချစ်ကြည်ရေးအဖွဲ့ ဥက္ကဋ္ဌဟောင်းနှင့် ဝါရင့်အထက်လွှတ်တော်ဥက္ကဋ္ဌဟောင်း Mr. Watanabe Hideo ခေါင်းဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ရှိ ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်း၌ လာရောက်တွေ့ဆုံပြီး စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းတွေ့ဆုံပွဲသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် တွဲဖက်အတွင်းရေးမှူး သူရဦးသောင်းလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းရေးဆွဲနိုင်ရေး အစည်းအဝေးနှင့် အလှူရှင်များအားဂုဏ်ပြုပွဲသို့ တက်ရောက်

**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်း ရေးဆွဲနိုင်ရေး အမှတ်စဉ် (၃/၂၀၁၁) ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ငွေကြေးကိစ္စများကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ တာဝန်ယူစီမံခန့်ခွဲလျက်ရှိကြောင်း၊ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေ အစီအစဉ်တွင် ပါဝင်သောဌာန၊ အဖွဲ့အစည်းများအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရာတွင် အသုံးစရိတ်လျာထားငွေများအား ဖောင်းပွမှုမရှိစေရေးအတွက် ယခင်နှစ် အသုံးစရိတ်များနှင့် နှိုင်းယှဉ်ရေးဆွဲရန်၊ ရငွေများကျန်ရှိမှုမရှိအောင် ရေးဆွဲဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့ရေးဆွဲထားသည့် ရသုံးခန့်မှန်းခြေငွေစာရင်း လျာထားငွေစာရင်းသည် ခိုင်မာသောစာရင်းဇယားများဖြစ်ရေး ကြိုးကြပ်ဆောင်ရွက်ရန်လိုကြောင်းဖြင့် ပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လှူဒါန်းခဲ့သည့် အလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့သို့ အမှိုက်သိမ်းယာဉ်နှစ်စီး လွှဲပြောင်းပေးအပ်သည့် အားမာန်သစ် မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းနှင့် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့၌ လုပ်ငန်းများအတွက်ပါဝင်လှူဒါန်းခဲ့ကြသော ကုမ္ပဏီများနှင့် ပုဂ္ဂလိကအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။ အခမ်းအနားတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ အမှိုက်သိမ်းယာဉ်နှစ်စီး၊ တက္ကသိုလ်များတွင် လျှပ်စစ်မီးလုံးများနှင့် လျှပ်စစ်ပိုင်းဆိုင်ရာနှင့် အဆောက်အအုံများပြုပြင်မွမ်းမံရန်အတွက် ကုမ္ပဏီများနှင့် ပုဂ္ဂလိက အလှူရှင် ၃၂ ဦးတို့က ငွေကျပ်သိန်း ၂၅၅၀ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပဉ္စမနေ့ပြိုင်ပွဲအစီအစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၉

**(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲကို ပဉ္စမနေ့အဖြစ် ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ဇေယျာသီရိမြို့နယ် ရေဆင်းတက္ကသိုလ်များနယ်မြေအတွင်းရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်ခမ်းနားစွာ ဆက်လက်ကျင်းပသည်။**

အဆိုပါပြိုင်ပွဲအသီးသီးသို့ သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်နှင့် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဝင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ပြိုင်ပွဲကျင်းပရေး



ဝါသနာရှင်အဆင့်(ဒုတိယတန်း)(အမျိုးသား) ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ဦးကြည်မြင့် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ဦးစီးကော်မတီ အတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အကဲဖြတ်ပညာရှင်များ၊ အသင်းအုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကိုချစ်မြတ်နိုးကြသည့် ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

## အဆိုပြိုင်ပွဲ

အဆိုပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်(အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်မြက ကြီးကြပ်၍ မဟာဂီတအဆို အကဲဖြတ်အဖွဲ့ ခေါင်းဆောင် ဒေါ်သင်းသင်းမြတ်နှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။



အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် (အမျိုးသမီး) အကပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ နန်းမေကလျာဦး ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ပြိုင်ပွဲတွင် “မြရည်နန္ဒာ” (ဘွဲ့) သီချင်းဖြင့် ရခိုင်ပြည်နယ်မှ မောင်ပြည်စည်သူဖြိုး၊ ကချင်ပြည်နယ်မှ မောင်ဇော်ဆန်လီ၊ ကရင်ပြည်နယ်မှ မောင်မင်းဇေယျာဆက်ပိုင်စိုး၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ကျော်ဇင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်သက်နိုင်စိုးတို့က လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသမီး) မဟာဂီတ အဆိုပြိုင်ပွဲတွင် “သံသာညိုးညှင်း” (သီချင်းခံ)ဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ခင်မြသက်နှင်းနှင့် ဒေါ်သူဇာအောင်၊ မကွေးတိုင်းဒေသကြီးမှ ဒေါ်သန်းသန်းငြိမ်း၊ ပဲခူးတိုင်းဒေသကြီးမှ ဒေါ်ဥမ္မာ၊ မန္တလေးတိုင်းဒေသကြီးမှ မဝင့်ဝါဇော်(ခ) ဝါဝါမောင်နှင့် ဒေါ်သပြေတို့က လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်သီဆိုကြသည်။

ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်မြက ကြီးကြပ်၍ ခေတ်ဟောင်း/ကာလပေါ် အဆိုအကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးမင်းနောင်နှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား)ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲတွင် “အမြတ်ဆုံးလူ” (ကာလပေါ်) သီချင်းဖြင့် မွန်ပြည်နယ်မှ ဦးကျော်ဝင်း၊ ကချင်ပြည်နယ်မှ ဦးဘိုတင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးမောင်ဝင်း၊ ရခိုင်ပြည်နယ်မှ ဦးခင်မောင်ညို၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဇင်မျိုးကို(ခ)ထက်ကို(ခ)ဇော်မျိုးဝင်း၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဇော်မျိုးထက်(ခ) ဇော်မျိုးသက်၊ ပဲခူးတိုင်းဒေသကြီးမှ ဦးအေးလွင်၊ ကရင်ပြည်နယ်မှ မောင်စောရှားထူးဝေါ၊ တနင်္သာရီတိုင်းဒေသကြီးမှ ဦးပြည့်ဖြိုးလင်း၊ မကွေးတိုင်းဒေသကြီးမှ ဦးကြည်မြင့်၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးသန်းဝင်းအောင်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးတိုင်းချစ်(ခ) ဦးမြင့်လွင်၊ ကယားပြည်နယ်မှ ဦးဝင်းအောင်(ခ) အောင်နိုင်ဝင်း၊ ရှမ်းပြည်နယ်မှ မောင်ဇင်မင်းထိုက်၊ ချင်းပြည်နယ်မှ ဦးချမ်းမြေ့နှင့် မန္တလေးတိုင်းဒေသကြီးမှ မောင်ဇော်ထွေးလတ်တို့က လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲတွင် “ဥတုသုံးလီ” (ကာလပေါ်) သီချင်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီးမှ မမီမီချစ်မွန်၊ ရန်ကုန်တိုင်းဒေသကြီးမှ မချယ်ရီဝင်း၊ ကရင်ပြည်နယ်မှ နန်းသီတာအေး၊ မွန်ပြည်နယ်မှ မသဲစုစုဇင်၊ ပဲခူးတိုင်းဒေသကြီးမှ မပပဝင်းဖြူ၊ ရှမ်းပြည်နယ်မှ မဇာနည်ပြုံး၊ မန္တလေးတိုင်းဒေသကြီးမှ မနန်းအိမွန်နှင့် မအေးစိုးထိုက်၊ ကချင်ပြည်နယ်မှ မဝတ်မှုံထွန်း၊ မကွေးတိုင်းဒေသကြီးမှ မနန့်နှင်းယုလှိုင်၊ ရခိုင်ပြည်နယ်မှ မသန်းသန်းဆင့်၊ တနင်္သာရီတိုင်းဒေသကြီးမှ မခြူးခြူးဝေနှင့် ရန်ကုန်တိုင်းဒေသကြီးမှ မခိုင်ဝတ်ရည်တို့က လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်သီဆိုကြသည်။

## အကပြိုင်ပွဲ

အကပြိုင်ပွဲကို နံနက် ၉ နာရီတွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ အက အကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ



ဝါသနာရှင်အဆင့် (ပထမတန်း)(အမျိုးသား၊ အမျိုး သမီး) အရေးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ဦးသန်းရှိန် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ဦးစိန်မာဒင်ခေါင်းဆောင်သော အကအကဲဖြတ်ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြပြီး အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် (အမျိုးသမီး) အကပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ နန်းမေကလျာဦး၊ ပဲခူးတိုင်းဒေသကြီးမှ မတင်တင်ဝင်း၊ ရှမ်းပြည်နယ်မှ မနန်းချိုချိုခမ်း၊ ကချင်ပြည်နယ်မှ မနန်းသွင်ဝတီသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီးမှ မမာလာမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီးမှ မသက်သက်အောင်၊ မကွေးတိုင်းဒေသကြီးမှ မအေးမွန်ကျော်၊ ချင်းပြည်နယ်မှ မပါရ်ထာဇီး၊ တနင်္သာရီတိုင်းဒေသကြီးမှ မခိုင်ဇာဝင်း၊ ကချင်ပြည်နယ်မှ မအိအိထွန်း၊ မွန်ပြည်နယ်မှ မပွင့်ဦးငယ်၊ မန္တလေးတိုင်းဒေသကြီးမှ မပိုးပိုးလေး၊ ရခိုင်ပြည်နယ်မှ မဆုအိမ်ထိုက်၊ ရန်ကုန်တိုင်းဒေသကြီးမှ မနှင်းအိချို၊ ကရင်ပြည်နယ်မှ နန်းစိမ်းလဲ့လဲ့မိုးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ မရွှေယမင်းမေတို့ကလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် (အမျိုးသား)အကပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်ဖြိုးသီဟကျော်(ခ)ဖြိုးဖြိုးနှင့် မောင်လှမျိုးဇော်၊ ရှမ်းပြည်နယ်မှ မောင်ပြည့်ဖြိုးအောင်၊ ကချင်ပြည်နယ်မှ မောင်သိန်းဟန်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်စိုးထက်ပိုင်၊ ကရင်ပြည်နယ်မှ စောဇော်မျိုးထွန်း၊ မကွေးတိုင်းဒေသကြီးမှ မောင်သက်ဝေဖြိုး၊ ရခိုင်ပြည်နယ်မှ မောင်ညီညီဇော်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ရဲသီဟဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ မောင်သူရအောင်၊ ကချင်ပြည်နယ်မှ မောင်ကျော်သူအောင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဇွဲကိုကိုကျော်၊ ရှမ်းပြည်နယ်မှ မောင်ဇော်ဝင်းပြည့်၊ ကရင်ပြည်နယ်မှ စောသမော့ရှူးနှင့် မွန်ပြည်နယ်မှ မောင်မင်းဟံသာချစ်တို့က ခေါင်း၊ ခါး၊ ခြေ၊ လက် ဉ်လေးချက်ဖြင့် ကကြိုးကကွက် စုံလင်စွာဖြင့် ယှဉ်ပြိုင်တင်ဆက်သွားသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) ကွက်စိပ်ပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် ပတ္တမြားခန်းမ၌ ကျင်းပရာ ကွက်စိပ်ပြိုင်ပွဲ အကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးတင်စိုးနှင့် ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြပြီး “မင်းကုသဇာတ်တော်”ခေါင်းစဉ်ဖြင့် မန္တလေးတိုင်းဒေသကြီးမှ ဦးသက်ဇော်(ခ) ဦးကျော်ငြိမ်းက ကျော်မိုးနိုင်(ခ)နိုင်သူ ဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ ရှမ်းပြည်နယ်မှ ဦးမျိုးဇော်ကိုက သိန်းဇော်ထွန်း ရွှေညီကိုဆိုင်းအဖွဲ့နှင့် တွဲဖက်၍ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ဧရာဝတီ ဦးပိုးလေးက ဦးစက်ကလေး ဆိုင်းအဖွဲ့နှင့်တွဲဖက်၍လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးကျော်စိန်အောင်က ရွှေဘိုဆိုင်းဗိုလ်အဖွဲ့နှင့် တွဲဖက်၍ လည်းကောင်း အဆို၊ အငို၊ အပြော ပိုင်နိုင်စွာဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

## အရေးပြိုင်ပွဲ

အရေးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား၊ အမျိုးသမီး) အရေးပြိုင်ပွဲကို နံနက် ၉ နာရီ မိနစ် ၂၀ တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ(၂)၌ ကျင်းပရာ အရေးအကဲဖြတ်အဖွဲ့ ခေါင်းဆောင် ဦးမောင်မောင်လတ်နှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။



အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ မသံစဉ်ယွန်း ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား၊ အမျိုးသမီး) အရေးပြိုင်ပွဲတွင် “ ပန်းပိတောက်ဝင်းလျှံ ခါသကြန်” ခေါင်းစဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးကျော်လင်း၊ မွန်ပြည်နယ်မှ ဦးတင့်ဇော်ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးသန်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးသန်းဝင်း၊ မကွေးတိုင်းဒေသကြီးမှ ဦးမျိုးညွန့်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ တက္ကသိုလ်ဆန်နီ(ခ)မိုက်ကယ်စိန်အောင်၊ မန္တလေးတိုင်းဒေသကြီးမှ ဦးမြတ်ထွန်းနှင့် ဦးကျော်မြင့်၊ ပဲခူးတိုင်းဒေသကြီးမှ ဦးခင်မောင်ဇော်တို့ ပြိုင်ပွဲဝင်ကြသည်။

## အတီးပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို နံနက် ၉ နာရီ ၁၀ မိနစ်တွင် သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ ဆိုင်းအကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးစိန်စတင်းနှင့် အကဲဖြတ်ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြသည်။

အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ(၁၅)နှစ်(အမျိုးသမီး) ဆိုင်းတစ်ဦးချင်း ပြိုင်ပွဲတွင် “လာချေပြီ” (မြင်းခင်းကြိုး) သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မနှင်းဝတ်ရည်ထူး(ခ) စနေမနှင့် မသဇင်ထွေး၊ မကွေးတိုင်းဒေသကြီးမှ မချိုမာအောင်၊ မန္တလေးတိုင်းဒေသကြီးမှ မပုန်းညက်ဖြူနှင့် မယွန်းဝတီအောင်ကျော်စိုး(ခ) မယွန်းဝတီဗိုလ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ မဝါဝါထွန်းတို့က တီးလုံးတီးကွက် စုံလင်စွာဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ(၂၀)နှစ်(အမျိုးသမီး) ဆိုင်းတစ်ဦးချင်း ပြိုင်ပွဲတွင်“အင်ကြင်းသရဖီ” (ယိုးဒယား) သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မပိုးအိစံ၊ မန္တလေးတိုင်းဒေသကြီးမှ မရှိုင်းကစ်ကစ်၊ မကွေးတိုင်းဒေသကြီးမှ မနှင်းအိခိုင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မဝင်းနန္ဒာလွင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မဌေးယုအောင်နှင့် မန္တလေးတိုင်းဒေသကြီးမှ မမိုးမိုးခိုင်တို့ ပါဝင်ယှဉ်ပြိုင်တီးခတ်ကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသမီး) ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် “တောဟောဝန်လယ်” (ယိုးဒယား)ဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မလှလှဌေးနှင့် မကေဇင်ချစ်စု၊ မန္တလေးတိုင်းဒေသကြီးမှ မဌေးဌေးအေးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဒေါ်မြန်မာပြည်စိမ်းတို့က တီးကွက်စုံလင်စွာဖြင့် တီးခတ် ယှဉ်ပြိုင်ကြသည်။

စန္ဒရားအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် သစ်တောတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စန္ဒရားအကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးနီနီနှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။



အခြေခံပညာအဆင့် အသက် (၅)နှစ်မှ (၁၀)နှစ် (အမျိုးသမီး) စန္ဒရားအတီး ပြိုင်ပွဲတွင် “ဝေဘာဂီရိ” (ကြိုး) သီချင်းဖြင့် မန္တလေးတိုင်းဒေသကြီးမှ မမြပုလဲဖြူနှင့် ရန်ကုန်တိုင်းဒေသကြီးမှ မနှင်းပွင့်ဖြူတို့က တီးလုံးတီးကွက် ပိုင်နိုင်စွာဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲတွင် “မိဘမေတ္တာ”(ကာလပေါ်တေး) သီချင်းဖြင့် မန္တလေးတိုင်းဒေသကြီးမှ ဦးစိုးရွှေဝါ၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဇင်မင်းဗိုလ်(ခ)ဇင်မင်းဝင်း၊ ပဲခူးတိုင်းဒေသကြီးမှ မောင်ဖြိုးသီဟကျော်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ကျော်ဇောလင်း၊ မွန်ပြည်နယ်မှ ဦးမောင်မောင်၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးညွန့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးမျိုးသူနှင့် မန္တလေးတိုင်းဒေသကြီးမှ ဦးကြည်သာဗိုလ်တို့က တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ပတ္တလားအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပတ္တလားအတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဦးမြစတင်းနှင့် ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြသည်။



အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသမီး) ပတ္တလား အတီးပြိုင်ပွဲတွင် “သီဒါ သီဒါ မြသား” (ကြိုး)သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မမြတ်ပွင့်ဖြူ၊ မန္တလေးတိုင်းဒေသကြီးမှ မဆင့်မြတ်လှ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မစိုးစန္ဒာဟိန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မအိဖြိုးသက်နိုင်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ မသံစဉ်ယွန်း၊ ချင်းပြည်နယ်မှ မမဏိသာ၊ ကချင်ပြည်နယ်မှ မယမင်းစည်သူနှင့် မန္တလေးတိုင်းဒေသကြီးမှ မနွေးနွေးထွေးတို့က သွက်လက်မြန်ဆန်သည့် တီးကွက်များဖြင့် ယှဉ်ပြိုင်ကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲတွင် “စုံသာမြိုင်လယ်” (သီချင်းခံ)ဖြင့် မန္တလေးတိုင်းဒေသကြီးမှ ဦးကောင်းသန့်၊ ဧရာဝတီတိုင်းဒေသကြီးမှ ပတ္တမြားလှိုင်မင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးအေးမင်း (မြို့တော်)၊ မွန်ပြည်နယ်မှ ဦးချမ်းသာ၊ ပဲခူးတိုင်းဒေသကြီးမှ ဦးဇော်ဝင်း၊ မန္တလေးတိုင်းဒေသကြီးမှ ဦးကျော်မိုးနိုင်(ခ) နိုင်သူနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးကောင်းဆက်တို့ ယှဉ်ပြိုင်တီးခတ်ကြသည်။

အတီးပြိုင်ပွဲ၏ စောင်းအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန သင်တန်းခန်းမ(၁)၌ ကျင်းပရာ စောင်းအတီးဗဟိုအကဲဖြတ်ပညာရှင် အဖွဲ့ခေါင်းဆောင် ဦးသိန်းဟံကြီးနှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။



အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသား) စောင်းအတီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မောင်ကျော်ဝဏ္ဏမျိုး ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသား) စောင်းအတီးပြိုင်ပွဲတွင် “ရွှေပဇ္ဇုန်” (ယိုးဒယား) သီချင်းဖြင့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်အောင်အောင်၊ ပဲခူးတိုင်းဒေသကြီးမှ မောင်ပြည့်သော်တာအောင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဝိုင်းလမင်းအောင်၊ ရှမ်းပြည်နယ်မှ မောင်ကျော်ဝဏ္ဏမျိုး၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်ကျော်ကျော်နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ထွန်းထွန်းဝင်းတို့ တီးခတ်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသမီး) စောင်းအတီးပြိုင်ပွဲတွင် “မြသို့ငယ်စိမ်းနု” (ဘွဲ့) သီချင်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီးမှ မမြတ်ကေသွယ်ကျော်၊ ရန်ကုန်တိုင်းဒေသကြီးမှ မယွန်းပိုးအိမ်၊ ဧရာဝတီတိုင်းဒေသကြီးမှ မခိုင်ထက်ထက်လင်း၊ မန္တလေးတိုင်းဒေသကြီးမှ မစုရတနာ၊ ရန်ကုန်တိုင်းဒေသကြီးမှ မအိအိခိုင်နှင့် မန္တလေးတိုင်းဒေသကြီးမှ မချယ်ရီလင်းတို့က တီးခတ်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် (အမျိုးသမီး) စောင်းအတီးပြိုင်ပွဲတွင် “တောဟောဝန်လယ်” (ယိုးဒယား)သီချင်းဖြင့် ရန်ကုန်တိုင်း



## ဘေးဒုက္ခအမျိုးမျိုးကို တုံ့ပြန်နိုင်ရန် ကမ္ဘာတစ်ဝန်းလုံးရှိ ကြိုတင်ပြင်ဆင်မှု၊ လေ့ကျင့်မှုများကို အတုယူဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၉**

**မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် မိတ်ဖက်ကြက်ခြေနီအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး (Myanmar Red Cross Society Partnership Meeting) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချတ်ထရီယံ ဟိုတယ်အစည်းအဝေးခန်းမ(၂) ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၌ ရင်ဆိုင်နေရသည့် ဘေးဒုက္ခအမျိုးမျိုးကို တုံ့ပြန်နိုင်ရန် ကမ္ဘာတစ်ဝန်းလုံးတွင် ရှိနေသည့် ကြိုတင်ပြင်ဆင်မှုများ၊ လေ့ကျင့်မှုများကို အတုယူ၍ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ တချို့လေ့ကျင့်မှုများသည် ရိုးရာအစဉ်အလာ ယဉ်ကျေးမှုများနှင့် ကိုက်ညီသော်လည်း အချို့အချက်အလက်များသည် ရိုးရာအစဉ်အလာ ယဉ်ကျေးမှုနှင့် ညှိနှိုင်း၍ မဖြစ်နိုင်ပါကြောင်း၊ လူများ၏ အသက်ကိုကယ်တင်ရန် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ထောက်ပံ့ရန်၊ အသက်ပေါင်းများစွာကို ကယ်တင်ရန် လူတိုင်းက လုပ်ကြရမည်ဖြစ်ကြောင်း၊ ဤသို့ လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်နေကြသည်မှာ ကြက်ခြေနီနှင့် လခြမ်းနီ လှုပ်ရှားမှုများဖြစ်ကြောင်း၊ ထို့ကြောင့် ကြက်ခြေနီလှုပ်ရှားမှု ဆောင်ပုဒ်ဖြစ်သည့် "အသက်ပေါင်းများစွာ ကယ်တင်ဖို့ အတွေးအခေါ်များ ပြောင်းကြစို့" ဆိုသည်ကို နှစ်သက်ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကို အရေးပေါ်ကာလများတွင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်၊ ကျန်းမာရေးကြိုတင်ပြင်ဆင်မှုများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို အားဖြည့်ရန်၊ ကူးစက်လွယ်သောရောဂါများနှင့် အခြားရောဂါများကို ကာကွယ်ရန်၊ ကျန်းမာရေး ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ရန်၊ ရှေးဦးပြုစုစောင့်ရှောက်ရေးလုပ်ငန်းနှင့် သူနာတင်ယာဉ်လုပ်ငန်းများကို ကျေးရွာအဆင့်ထိ ရောက်ရှိအောင် အင်တိုက်အားတိုက် ဆောင်ရွက်နိုင်ရန်အတွက် ပိုပြီးတိုးတက်အောင် ဆောင်ရွက်စေချင်ပါကြောင်း၊ ဤအစည်းအဝေးတွင် မိတ်ဖက်ကြက်ခြေနီအသင်းများအားလုံးသည် အခက်အခဲများကို ပြေလည်စေမည့်နည်းလမ်းများ၊ တိုးတက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ် ဆွေးနွေးကြမည်ဟု မျှော်လင့်ပါကြောင်း။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အနေဖြင့် လူမှုကရုဏာလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်အောင် အစည်းအဝေး တက်ရောက်လာသူများက စိတ်ပါဝင်စားစွာ ဆွေးနွေးအဖြေရှာ အကြံပြုကြမည်ဟု ယုံကြည်ပါကြောင်း ဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ပါဝင်ဆောင်ရွက်ခဲ့သော လှုပ်ရှားမှုမှတ်တမ်းများနှင့် အသင်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေက အမှာစကား ပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ Mr. Bernd Shell (HoD, IFRC Myanmar Delegation) နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ Mr. Georges Paclisanu (HoD, ICRC Myanmar Delegation) တို့က အမှာစကားပြောကြားကြသည်။

အစည်းအဝေး ပထမနေ့နှင့် ဒုတိယနေ့များတွင် ကြက်ခြေနီအသင်းနှင့် မိတ်ဖက်ကြက်ခြေနီ အသင်းများမှ ကိုယ်စားလှယ်များသည် လတ်တလော ကြက်ခြေနီလှုပ်ရှားမှုများ၊ နာဂစ်၊ ဂီရိနှင့် တာလေစသည့် သဘာဝဘေးအန္တရာယ်များတွင် ကြက်ခြေနီက ပါဝင်ဆောင်ရွက်လှုပ်ရှားမှုများ၊ ရရှိလာသော အောင်မြင်မှုများနှင့် ကြုံတွေ့ခဲ့ရသော အခက်အခဲများကို ရှင်းလင်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ မဟာဗျူဟာ ၂၀၁၅ ကိုလည်း ဆွေးနွေးခဲ့သည်။

အစည်းအဝေး တတိယနေ့(ယနေ့)တွင် အစည်းအဝေး တက်ရောက်လာကြသည့် မိတ်ဖက်ကြက်ခြေနီ ကိုယ်စားလှယ်များက ကွမ်းခြံကုန်းမြို့နယ် တောကျောင်းကျေးရွာအုပ်စု တောကျောင်းကျေးရွာနှင့်ကမာကလွှန်း ကျေးရွာများသို့ သွားရောက်၍ နာဂစ်စီမံကိန်း (၂၀၀၈-၂၀၁၁)အတွင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျန်းမာရေးလုပ်ငန်းများ၊ စိတ်ပိုင်းဆိုင်ရာအားပေးနှစ်သိမ့်မှုလုပ်ငန်းများ၊ ရေနှင့်သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်း ထောက်ပံ့ခြင်းဆိုင်ရာ လုပ်ငန်းများ၊ အိုးအိမ်ထောက်ပံ့ခြင်းဆိုင်ရာ လုပ်ငန်းများကို လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### အမှာစကားပြောကြား

**ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် မိတ်ဖက်ကြက်ခြေနီအသင်း လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)



## မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အောက်တိုဘာလအတွင်း မိတ္ထီလာမြောက်ကန် ဒုတိယအကြိမ်မြောက် ရေလျှံတက်

**မိတ္ထီလာ အောက်တိုဘာ ၁၉**

အောက်တိုဘာလအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မိတ္ထီလာမြောက်ကန် ဒုတိယအကြိမ်မြောက် ရေလျှံတက်ရာ ကန်အရှေ့ဘက်နှင့် ကန်အနောက်ဘက် ရပ်ကွက်များသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် ကန်ပတ်လမ်းကို အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ခေတ္တယာယီ ပြန်လည်ပိတ်ထားရကြောင်း သိရသည်။

အောက်တိုဘာ ၁၇ ရက် ညပိုင်းတွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့ရာ မိတ္ထီလာမြောက်ကန်ရေပြန်တက်လာ၍ နန်းတော်ကုန်းရပ်ကွက် နယ်မြေ-၁၊ နယ်မြေ-၂၊ နယ်မြေ-၃ရှိ ကန်နှင့်နီးသော လမ်းများ၊ အိမ်များသို့ ရေများဝင်ရောက်ပြီး မြောက်ကန်အနောက်ဘက်၌ရှိသော ရွှေစောလူးဘုန်းကြီးကျောင်းဝင်းနှင့် ဘုန်းကြီးကျောင်းမြောက်ဘက်လမ်းသို့ ကန်ရေများဝင်ရောက်ကာ လမ်းအတွင်း နေထိုင်သူများရေထဲ၌ သွားလာနေသည်ကို တွေ့ရသည်။ **(အပေါ်ပုံ)** မိုးနောက်ထပ် ရွာသွန်းပါက အခြေအနေပိုဆိုးသွားနိုင်၍ သက်ဆိုင်ရာမှ လုံခြုံရေးများ ချထားလျက်ရှိပြီး ကန်ပတ်လမ်းကို ပိတ်ထားခဲ့သည်။

အောက်တိုဘာလဆန်းပိုင်းတွင် မိတ္ထီလာ၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျေးရွာတချို့နှင့် နန်းတော်ကုန်းရပ်ကွက်နယ်မြေတချို့တို့တွင် ရေလျှံရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်းသိရှိရသည်။

(၇၁၉)

## အင်းစိန်မြို့နယ် ကြို့ကုန်းအနောက် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် အောက်တိုဘာ ၁၉**

အင်းစိန်မြို့နယ် ကြို့ကုန်းအနောက် ရပ်ကွက် ကမ်းနားပတ်လမ်းဘေးရှိ ကုမ္ပဏီဝင်း၌ အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုကြောင့် ယူဒီနစ်ဆန် ကားနှင့် ၎င်းယာဉ်ပေါ်တွင် တင်ဆောင်ထားသော ဒီဇယ်ဆီပီပါအလုံး ၄၀ မီးလောင်ကျွမ်းပြီး ဒဏ်ရာရသူ နှစ်ဦးအား အင်းစိန်ဆေးရုံကြီးသို့ တင်ပို့ထားခဲ့သည်။

မီးလောင်ရာသို့ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူးတို့ကြီးကြပ်ကာ အုပ်ချုပ်မှုယာဉ် ငါးစီး၊ မီးသတ်ယာဉ် ၁၉ စီး စုစုပေါင်း ၂၄ စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီတွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုနှင့် ပတ်သက်၍ အင်းစိန်ရဲစခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၅/၃၃၈ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (မြင့်ဦး)

**ကြီးငယ်မဟူ သတိမူ ရန်သူမီးကိုသာ**

## မြင်းခြံ-ရေဝန်း-မန္တလေး ကားလမ်းရေကျော်

**နွားထိုးကြီး အောက်တိုဘာ ၁၉**

မြင်းခြံ-ရေဝန်း-မန္တလေးကားလမ်းပိုင်း၌ မုန်တိုင်းမိုးကြောင့် မြစ်သားနယ် ပေါက်မြိုင်ကားလမ်း ရေကျော်ခြင်း၊ စမုံချောင်းရေကြီးခြင်းနှင့် နွားထိုးကြီးမြို့နယ် ညောင်ပင်ရွာ ကားလမ်းရေကျော်ခြင်းများဖြစ်ပွားခဲ့ရာ မြင်းခြံ-မန္တလေးကားများ အောက်တိုဘာ ၄ ရက်မှစ၍ ရပ်နားခဲ့ရသည်။

မြင်းခြံ - ရေဝန်း - မန္တလေးလမ်းနှင့် မြင်းခြံ၊ ပြင်စည်၊ တံတားဦး၊ မန္တလေး ခရိုင်ချင်းဆက် စည်ပင်သာယာလမ်းတို့ ချောင်းရေကြီးမှုကြောင့် ကားများသွားမရဘဲ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှတစ်ဆင့် လမ်းကြောင်းပြောင်း ပြေးဆွဲခဲ့ရသည်။

ကားလမ်းရေကျော်၍ ကားအများစု မထွက်နိုင်သဖြင့် ခရီးသည်များမှာ မီးရထား၊ ဟိုင်းလတ်၊ ဒိုင်နာယာဉ်ငယ်များဖြင့် မြင်းခြံ-မန္တလေး ကားပြောင်းစီးခဲ့ရကြောင်း သိရသည်။

(၉၅)

**ဥတုရာသီ တောကိုမီး၏**

## မုန်တိုင်းသတင်း ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၁၉**

***ယနေ့ည ၈ နာရီအချိန်*** *တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် ရခိုင်ပြည်နယ်၊ မောင်တောမြို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့အကြားမှ ကုန်းတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့သည်။*

*မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အညိုရောင်အရေးပေါ်အခြေအနေအဆင့်ရှိပြီး ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်း (မောင်တောမြို့)နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေ (ကော့ဘဇားမြို့) အကြားသို့ ဖြတ်ကျော်ဝင်ရောက်နေသော အခြေအနေဟု သတ်မှတ်ခဲ့သည်။*

***ယနေ့ည ၁၀ နာရီခွဲအချိန်*** *တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းကို ဖြတ်ကျော်လျက်ရှိသော မုန်တိုင်းငယ်သည် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်းတွင်းတစ်နေရာတွင် ဆက်လက်တည်ရှိနိုင်ပြီး အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ တဖြည်းဖြည်း အားပျော့သွားမည်ဟု ခန့်မှန်းရသည်။*

*ကုန်းတွင်းမုန်တိုင်းငယ်၏ အရှိန်ကြောင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၅၀ အထိ တိုက်ခတ်နိုင်ပြီး ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီးနေရာကွက်၍ မိုးကြီးနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းရရှိသည်။*

(သတင်းစဉ်)

## မုန်တိုင်းအတွက် ကြိုတင်ပြင်ဆင်ခြင်း

မြန်မာနိုင်ငံတွင် မုန်တိုင်းအဖြစ်များသောကာလ နှစ်ခုရှိပါသည်။ မိုးဦးကာလ (ဧပြီလ-မေလ)နှင့် မိုးနှောင်းကာလ (အောက်တိုဘာလ-နိုဝင်ဘာလ)တို့ ဖြစ်ပါသည်။ ယခု မိုးနှောင်းကာလမတိုင်မီ အောက်ပါတို့ကို လုပ်သားပြည်သူအပေါင်းမှ ကြိုတင်သိရှိပြီး ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်ပါသည်-

**မုန်တိုင်းတိုက်ခတ်ချိန်တွင် ဆောင်ရွက်ရန်အချက်များ**

(က) ရပ်ရွာမှ တာဝန်ရှိသူများ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ပါ၊
(ခ) လျှပ်စစ်မီးလိုင်းများနှင့် ဓာတ်ငွေ့ပိုက်လိုင်းများကို ဖြတ်တောက်ပစ်ပါ၊
(ဂ) လွင့်ပျံလာသော အရာဝတ္ထုများနှင့် ထိခိုက်မှုမရှိစေရန်အတွက် ခိုအောင်းရာနေရာ၌သာ နေပါ၊
(ဃ) အဆောက်အအုံ၏ ခိုင်ခံ့သောအပိုင်းတွင်သာ ခိုလှုံပါ၊ ရေဒီယိုမှ သတင်းထုတ်ပြန်ချက်ကို အဆက်မပြတ်နားထောင်ပါ၊
(င) အသက်ကယ်အင်္ကျီ၊ ဗောကွင်း၊ ပလတ်စတစ်ရေပုံးအလွတ်၊ ငှက်ပျောတုံး၊ ကားတာယာကျွတ်များကို မိမိတို့နှင့်အတူ ဆောင်ထားပါ၊
(စ) တံခါးနှင့် ပြတင်းပေါက်များကို သေသေချာချာ ပိတ်ထားပါ။ မုန်တိုင်းအရှိန်ကြောင့် ပွင့်ထွက်သွားပါက မျက်နှာချင်းဆိုင်ဘက်မှာ လေထွက်ပေါက်တစ်ခု အမြန်ပြုလုပ်ပါ၊
(ဆ) လေလာသည့်ဘက်မှ တံခါးပေါက်များကိုပိတ်ထားပြီး လေကွယ်ရာအရပ်ရှိ တံခါးပေါက်များကို ဖွင့်ထားပါ၊
(ဇ) နေအိမ်စတင်ပြိုကျလာပါက မွေ့ရာများ၊ စောင်များဖြင့် အကာအကွယ်ပေးထားပါ (သို့မဟုတ်) ခိုင်ခံ့သောစားပွဲများအောက်တွင် နေပါ၊
(ဈ) မုန်တိုင်းဗဟိုဖြတ်သန်းစဉ် ခေတ္တလေငြိမ်သော်လည်း နာရီဝက်အကြာတွင် ဆန့်ကျင်ဘက်အရပ်မှ ပိုမိုပြင်းထန်သည့်လေများ ဝင်ရောက်လာတတ်သည်ကို သတိပြုပါ၊
(ည) လေမုန်တိုင်းခေတ္တလျော့ပါးချိန်တွင် အိမ်အပြင်သို့ ထွက်ခြင်း၊ ကမ်းခြေသို့သွားခြင်း မပြုပါနှင့်၊

**မုန်တိုင်းကျရောက်ပြီးနောက် ဆောင်ရွက်ရန်အချက်များ**

(က) ရေဒီယိုကိုဖွင့်ထားပြီး သတိပေးချက်နှင့် အကြံပြုချက်များကို နားထောင်ပါ၊
(ခ) မုန်တိုင်းအန္တရာယ် စိတ်ချရပြီဆိုသော သတင်းရရှိမှသာ နေအိမ်သို့ ပြန်ပါ၊
(ဂ) ဒဏ်ရာရသူများကို ပြုစုပါ၊ လိုအပ်လျှင် ဆေးခန်း၊ ဆေးရုံပို့ပါ၊
(ဃ) ပြုတ်ကျပြတ်တောက်နေသော ဓာတ်ကြိုးများကို တွေ့ရှိလျှင် မကိုင်မထိမိစေရန် သတိပြုပါ၊ လျှပ်စစ်ရုံးသို့ အကြောင်းကြားပါ၊
(င) ပြိုကျပျက်စီးနိုင်သော အဆောက်အအုံ၊ သစ်ပင်များနှင့် ဝေးဝေးနေပါ၊
(စ) မြွေနှင့် အဆိပ်ရှိသတ္တဝါများကို သတိထားပါ၊
(ဆ) ရေဝပ်သောနေရာများတွင် ကျင်းများ၊ ချိုင့်များရှိလျှင် ရေနစ်တတ်သဖြင့် ကလေးများကို ၎င်းနေရာများတွင် မကစားရန် ထိန်းသိမ်းပါ၊
(ဇ) လမ်းနှင့် ရပ်ရွာသန့်ရှင်းရေးပြုလုပ်ပါ၊ ရေကို ကျိုချက်သောက်ပါ၊
(ဈ) ကယ်ဆယ်ရေးလုပ်ငန်းများတွင် ကူညီပါ၊
(ည) ကောလာဟလသတင်းများကို နားမထောင်ပါနှင့်၊

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

## သိန္နီမှ ချင်းရွှေဟော်အထိလမ်းပိုင်းကို လမ်းအကျယ်ချဲ့ပြီး အဆင့်မြင့်လမ်းအဖြစ် အေးရှားဝေါလ်ကုမ္ပဏီက ဆောင်ရွက်လျက်ရှိ

## မော်လိုက်ခရိုင် အင်ဂျင်နီယာမှူးရုံးကိုဖွင့်လှစ်ပြီးဖြစ်၍ ဒေသရှိ လမ်း၊ တံတားများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားနိုင်မည်

နေပြည်တော် အောက်တိုဘာ ၁၉

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကိုယနေ့နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၈၀)တို့ တက်ရောက်ကြသည်။**

ယနေ့အစည်းအဝေး၌ မေးခွန်း(၉)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း(၁)ခုအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းများ မေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်း(၆)ခုကို မေးမြန်းခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ပြန်လည်ဖြေကြားသည်။

မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **မြင်းခြံ-တောင်သာကားလမ်းပေါ်ရှိ တောင်သာချောင်းကူးကွန်ကရစ်ရေကျော်နေရာ၌ သင့်တော်သည့် တံတားတစ်စင်း အမြန်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်ရှိ ရန်ကုန်-ပြည်-မကွေး- မြင်းခြံ-မန္တလေးလမ်း၊ မြင်းခြံ-တောင်သာလမ်းအပိုင်း မိုင်တိုင်(၄၃၃) (၂)ဖာလုံတွင် တောင်သာချောင်း တည်ရှိပါကြောင်း၊ ရံဖန်ရံခါ မိုးရွာသွန်းချိန်မှသာ ရေစီးဆင်းသောချောင်းဖြစ်၍ တောင်သာချောင်းအား **စာမျက်နှာ ၄ ကော်လံ ၁ သို့✤**



ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

## မိုးညှင်းခရိုင်(၆၆)ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်းများ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း အပြီးတည်ဆောက်မည်

## မတူပီ အော်တိုအိတ်ချိန်း အဝေးဆက်သွယ်မှုအတွက် V-Sat ဂြိုဟ်တုစနစ်မှ မိုက္ကရိုဝေ့ဗ်စနစ်တိုးမြှင့်ရန် စီစဉ်ထား

နေပြည်တော် အောက်တိုဘာ ၁၉

**ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။**

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၆)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင်က **"ကချင်ပြည်နယ် မိုးညှင်းခရိုင်အတွင်း သွယ်တန်းတည်ဆောက်လျက်ရှိသော(၆၆)ကေဗွီ မဟာဓာတ်အားလိုင်း လျှပ်စစ်စီမံကိန်းတည်ဆောက်ပြီးစီးမှုအခြေအနေ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းရာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ကချင်ပြည်နယ် မိုးညှင်းမြို့ကို စက်တပ်ဆင်အင်အား ၁၂၆၀ ကီလိုဝပ်ရှိသည့် ဂလိုင်ချောင် အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှတစ်ဆင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်လာနိုင်လာမှုအပေါ် မူတည်ပြီး ကချင်ပြည်နယ်အတွင်း နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရန်အတွက် နဘား-မိုးညှင်း၊ မိုးညှင်း-မိုးကောင်း (၆၆)ကေဗွီ **စာမျက်နှာ ၅ ကော်လံ ၁ သို့✳**



ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)